ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့၊ (4-3-2007) (၅၂၅၁)

အသေးစား ရေအားလျှပ်စစ်လုပ်ငန်းများကို တည်ဆောက်ရာ၌ ကိုယ်စွမ်းကိုယ်စဖြင့် ကိုယ်တိုင် လုပ်ကိုင်နိုင်စွမ်းရှိရမှာဖြစ်။

သို့မှသာ ဆည်တမံလုပ်ငန်းရော၊ ရေအားလျှပ်စစ်လုပ်ငန်းပါ ကြန့်ကြာမှုမရှိတစ်ပြိုင်တည်း တည်ဆောက်ပြီးစီးနိုင်ပြီး ပြည်သူများ အနေဖြင့် မြန်မြန်အကျိုးကျေးဇူးခံစားရမှာဖြစ်။

နိုင်ငံတော်၌ ဆည်တမံပေါင်း ၂၀၀ ခန့် တည်ဆောက်အကောင်အထည်ဖော်ခဲ့ပြီးဖြစ်

ဆည်တမံအမျိုးအစားမျိုးစုံကို ကျွမ်းကျွမ်းကျင်ကျင် တည်ဆောက်နိုင်အားရှိနေပြီ

ရေအားလျှပ်စစ်စီမံကိန်းများ ရေးဆွဲပါလျှင်လည်း ကိုယ်တိုင်ဒီဇိုင်းဆွဲ၊ ကိုယ်တိုင်တည်ဆောက်နိုင်ရမည်

မိမိတို့တည်ဆောက်ခဲ့သည့် ဆည်တမံများအနက် အချို့မှာ နှစ်ကြာသည်နှင့်အမျှ ပြုပြင်မွမ်းမံရန်လိုနေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မမြရေလှောင်တမံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၃

ရန်ကုန်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ဧရာဝတီတိုင်း မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံစီမံကိန်းသို့ရောက်ရှိရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရှင်းလင်းတင်ပြရာ၌ မမြရေလှောင်တမံစီမံကိန်းကို မြန်အောင်မြို့နယ် ပုသိမ်-မုံရွာ ကားလမ်းဘေး မျှင်ဝါးတောင်ကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာ မမြချောင်းပေါ်၌

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၄-၃-၂၀၀၇
(တနင်္ဂနွေနေ့)

ပညာရေးတာဝန်များကို အမျိုးသားရေးအမြင်ဖြင့် ယှဉ်တွဲမြှင့်တင်

မျက်မှောက်အချိန်အခါတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍစုံ၌ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာရပ်များ ခေတ်နှင့်အညီ တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်က ပညာရေးပတ်ဝန်းကျင်ကောင်းများ တည်ဆောက်၍ အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရန် ပြုစုပျိုးထောင် မွေးထုတ်ပေးလျက်ရှိသည်။

နိုင်ငံတော်က အမျိုးသားပညာရည်မြင့်မားရေး ဖော်ဆောင်ရာ၌ အခြေခံပညာသင်ယူမှု အခွင့်အလမ်းများကို ကျေးလက်ဒေသအထိ ရောက်ရှိရေး စီမံဖန်တီးပေးလျက်ရှိသကဲ့သို့ အဆင့်မြင့်ပညာသင်ယူမှု အခွင့်အလမ်းများ ရရှိစေရန်လည်း ပြည်နယ်၊ တိုင်းအသီးသီး၏ အချက်အချာဒေသများတွင် တက္ကသိုလ်၊ ကောလိပ်များကို ဖွင့်လှစ်ပေးလျက် ရှိသည်။

ယနေ့ကာလတွင် ပညာရေးသည် နိုင်ငံသူ၊ နိုင်ငံသားအားလုံးနှင့် အကျုံးဝင်လျက်ရှိရာ ပညာရေးကဏ္ဍ၏ တာဝန်သည် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊ အသိအမြင် ဗဟုသုတနှင့် တွေးခေါ်မြော်မြင်မှု မြင့်မားလာရေးအတွက် စွမ်းဆောင်ပေးကြရမည်ဖြစ်သည်။

ကျောင်းသူ၊ ကျောင်းသားလူငယ်များကို စာပေပညာ တတ်မြောက်ကျွမ်းကျင်ရုံသာမက နိုင်ငံတော်သစ်နှင့် ထိုက်တန်သည့် နိုင်ငံသားကောင်း အရည်အသွေး၊ ဥပဒေစည်းကမ်းနှင့် လူမှုရေးကျင့်ဝတ်တို့ကို လေးစားလိုက်နာတတ်ရေး၊ အမျိုးသားရေးဂုဏ်သိက္ခာ ထိန်းသိမ်းမှု အလေ့အကျင့်ကောင်းများ ထွန်းကားစေရေး လေ့ကျင့်သင်ကြားပေးကြရမည် ဖြစ်သည်။

နိုင်ငံနှင့်လူမျိုး တိုးတက်ကြီးပွားရေး၊ နိုင်ငံတည်ငြိမ် အေးချမ်းသာယာရေးအတွက် ပံ့ဖော်ကြိုးပမ်းရာ၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကမောင်းနှင်အားတစ်ခုဖြစ်သည်။ ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် လူငယ်များ ပညာအရည်အသွေး ထက်မြက်မြင့်မားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏ အခြေခံဖြစ်သည့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ အစဉ်ရှင်သန်နိုးကြားစေရေး အလေးထား ပျိုးထောင်ပေးကြရမည်ဖြစ်သည်။

လူငယ်၊ လူရွယ်များသည် တက်ကြွနိုးကြားမှုရှိသည်။ အပြုသဘော ရှုမြင်တတ်ပြီး ပြည်သူ့အကျိုးစီးပွားကို စောင့်ရှောက်လိုကြသည်။ လူမှုကျင့်ဝတ်စောင့်သိပြီး လူမှုရေးတာဝန် ကျေပွန်သည့် အစဉ်အလာရှိကြသည်။ အတတ်ပညာရှင် ဆရာ၊ ဆရာမများက ပညာရေး တာဝန်များကို အမျိုးသားရေးအမြင်နှင့် ယှဉ်တွဲမြှင့်တင် ထမ်းဆောင်ခြင်းဖြင့် နိုင်ငံအတွက် အကျိုးရှိထိုက်တန်သည့် အရည်အသွေးမြင့် မျိုးဆက်သစ် လူငယ်များ၏ စွမ်းအားဖြင့် ကြည်လင်ခိုင်မာသော ပြည်ထောင်စု၏ အနာဂတ်ကို ဖန်တီးဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် အာဆီယံခရီးသွား လုပ်ငန်းဆိုင်ရာ အသက်မွေး လုပ်ငန်းများ တစ်ပြေးညီသတ်မှတ်ရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ အသက်မွေးလုပ်ငန်းများ တစ်ပြေးညီသတ်မှတ်ရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်

ရန်ကုန် မတ် ၃

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် မတ် ၁ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒူးဆစ်အင်းယားကန်ဟိုတယ်၌ ကျင်းပသော အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ အသက်မွေးလုပ်ငန်းများ တစ်ပြေးညီသတ်မှတ်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

ဖွင့်ပွဲသို့ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ အထူးအရာရှိ Mr. Eddy Krismeid, Ms. Ida Trisnasari နှင့် သြစတြေးလျနိုင်ငံ Uni Quest မှ စီမံချက်မန်နေဂျာ Mr. Penhall မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးက အမှာစကား ပြောကြားရာ၌ အာဆီယံနိုင်ငံ အသီးသီးမှ ခရီးသွားလုပ်ငန်း လူ့စွမ်းအားဖွံ့ဖြိုးမှုဆိုင်ရာ အစီအစဉ်များဖြစ်သည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်ရာ Capacity Building on ASEAN Mutual Recognition Arrangement on Tourism (CBAMT)ပရောဂျက်နှင့်အတူအခြား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်များကို ဦးဆောင်ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံအသီးသီးတွင် ခရီးသွားလုပ်ငန်း အသက်မွေးပညာရပ်များ တစ်ပြေးညီဖြစ်ပေါ်ရေးနှင့် ကျွမ်းကျင်လုပ်သားများ တိုးတက်ပေါ်ပေါက်လာရေးအတွက် လိုအပ်သော နည်းပညာဆိုင်ရာ အထောက်အပံ့များ ကူညီဆောင်ရွက်ပေးလျက်ရှိသည့် Uni Quest, William Angliss စသော ပရောဂျက်အဖွဲ့များကို အထူးကျေးဇူးတင်ဂုဏ်ယူပါကြောင်း ပြောကြားလိုကြောင်း။

ယနေ့ကမ္ဘာသည် ခရီးသွားလုပ်ငန်း၌ နှစ်စဉ် အရှိန်အဟုန်မပျက် ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ ၂၀၀၆ခုနှစ်၌ အာဆီယံဒေသတွင်းသို့ ကမ္ဘာလှည့်ခရီးသည် ၅၆ သန်းကျော် လည်ပတ်ခဲ့ပြီး ရှစ်ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ကြောင်း၊ စုစုပေါင်း ဝင်ရောက်သူဦးရေ ၄၉ရာခိုင်နှုန်းဟာ အာဆီယံဒေသတွင်းမှ ခရီးသည်များဖြစ်ကြောင်း၊ ပြီးခဲ့သည့်သုံးနှစ်ကာလအတွင်း အာဆီယံဒေသတွင်း ခရီးသည် လည်ပတ်မှုသည် ထူးခြားစွာ တိုးတက်လာခဲ့ခြင်းသည် ခရီးစဉ်ဒေသ အသီးသီး၏ ဆွဲဆောင်မှုများမြင့်မားလာခြင်းကြောင့်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေး၌ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း။

ထို့ပြင် အာရှမှ လူဦးရေအများဆုံးနိုင်ငံကြီးဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကို အဓိက ဈေးကွက်များအဖြစ် ဦးတည်ပြီး အာဆီယံကို ခရီးသည်များ လာရောက်ရေးနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် ယင်းနိုင်ငံကြီး နှစ်နိုင်ငံ၏ အလယ်၌ နယ်နိမိတ်ချင်း ထိစပ်တည်ရှိနေသည့်အတွက် ခရီးသွားလုပ်ငန်းနှင့် ခရီးစဉ်မြှင့်တင်ရေးအတွက် အလွန် မဟာဗျူဟာကျပြီး လုပ်ငန်းစဉ်များကို လွယ်လွယ်ကူကူ ပါဝင်ပူးပေါင်း အကောင်အထည်ဖော်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ သြစတြေးလျနိုင်ငံ Uni Quest မှ စီမံချက်မန်နေဂျာ Mr. Eddy Krimeidi က အမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ (သတင်းစဉ်)

ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီခိုင် ပထမတန်း၌ ပထမဆုရရှိသူ မရတနာမိုးဦးကျော်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ထူးခြားသည့် နေ့အပူချိန်များ

၃-၃-၂၀၀၇

နေပြည်တော်၊ ပျဉ်းမနား၊ မကွေး၊ အောင်လံနှင့် ဘားအံ

၃၈ ဒီဂရီစင်တီဂရိတ်
(၁၀၀ ဒီဂရီ ဖာရင်ဟိုက်)

ဗဟန်းမြို့နယ် အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပရာ Grade-4 မှ ဘာသာစုံဆု ရရှိသော မမြူလင်းကိုကိုအား ကျောင်းအုပ် ဆရာမကြီး ဒေါ်စန်းစန်းယဉ် ဆုချီးမြှင့်စဉ်။ (ပညာရေး)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ဦးအောင်ထွန်းအား ရည်စူး၍ ရန်ကုန်မြို့ တာမွေမြို့နယ်နေ ဒေါ်လုံးမေနှင့် သားသမီး မြေး တစ်စုတို့က ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန (ဓမ္မာစရိယ)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မုဒုံ အထက (၂) ယခင် (A.B.M/AVM) အနီကျောင်း မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၃

မုဒုံမြို့ အမှတ်(၂) အထက ယခင် (A.B.M/AVM) အနီကျောင်း၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၁ ရက် နံနက် ၁၁ နာရီ၌ အထက(၂) ကျောင်းခန်းမတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကန်တော့ကြရန် နှိုးဆော်ထားသည်။ အလှူငွေများကို ဒေါ်ကျင်အေး(ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၅၇-၇၀၀၂၈၊ ဦးမျိုးမင်း (ရန်ကုန်) ဖုန်း-၀၁-၅၈၄၆၅၁၊ ဒေါက်တာစိုးမြင့်ဝင်း(မုဒုံ) ဖုန်း-၀၅၇-၇၀၀၅၅၊ ဦးခင်မောင်သန်း(တရားရုံးချုပ်ရှေ့နေ-မုဒုံ) ဖုန်း-၀၅၇-၇၀၇၀၄ နှင့် ဒေါ်စန်းစန်းသွင် (ရန်ကုန်) ဖုန်း-၀၁-၂၉၃၈၄၇ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကိုယ်ဝန်ဆောင်ခြင်းနှင့် ခံတွင်းကျန်းမာရေး

ဒေါက်တာညီညီ

လောကထုံးစံအရ အိမ်ထောင်သားမွေးမှုပြုကြသော အမျိုးသမီးများ၏ဘဝတွင် ကိုယ်ဝန်ဆောင်ခြင်းသည် ယေဘုယျအားဖြင့် ကြုံတွေ့ရလေ့ရှိသော သဘာဝနိယာမအဖြစ်သာမက မိသားစုနှင့် လူမှုပတ်ဝန်းကျင်အတွက် နှစ်သက်လိုလားဖွယ်ရာ မင်္ဂလာတစ်ပါးအဖြစ်လည်း နားလည်လက်ခံကြပါသည်။

ကိုယ်ဝန်ဆောင်မိခင်တစ်ဦး၏ ကိုယ်ဝန်ဆောင်ကာလသည် မွေးဖွားလာမည့်ရင်သွေး၏ ပုံရိပ်သစ်ကို စိတ်ကူးဖြင့်ထုဆစ်လျက် ပျော်လွင့်ကြည်နူးရသောကာလ၊ အာဝေဏိကဒုက္ခတို့ကို ဆင်းရဲပင်ပန်း ကိုယ်စိတ်နွမ်းစွာ ခါးစည်းရင်ဆိုင်ရသောကာလ၊ ဆင်ခြင်သတိနှင့်ယှဉ်သော အနေအစား အသွားအလာတို့ဖြင့် ရပ်တည်နေထိုင်ရသောကာလ၊ နားလည်တတ်ကျွမ်းသောပညာရှင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုတို့ဖြင့် ကြည့်ရှုဖေးကူရသောကာလ ဖြစ်ပါသည်။

ကိုယ်ဝန်ဆောင် ကျန်းမာရေးစောင့်ရှောက်မှုဟူရာတွင် ကိုယ်ဝန်နှင့်ဆက်နွှယ်သော ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီး၏ ကျန်းမာရေးပြဿနာများအား အလေးထားဂရုပြုကြသော်လည်း ကိုယ်ဝန်ဆောင်မိခင်၏ ခံတွင်းကျန်းမာရေးကိုမူ အပယ်ကသဖွယ်မှတ်ယူကာ လျစ်လျူရှုမိကြသဖြင့် မဆုံးရှုံးသင့်သော ခံတွင်းကျန်းမာရေးဆုံးရှုံးမှုများကို မသိနိုင်နိုးဖြစ်ရိုးဖြစ်စဉ်ပမာ လွဲမှားစွာမှတ်သားလက်ခံမိကြသည်။ ခံတွင်းကျန်းမာရေးဟူသည် ခန္ဓာကိုယ်ကျန်းမာရေးကိစ္စအဝဝနှင့် ဆက်နွှယ်စပ်ဟပ်မှုစည်းသားလျက် သီးခြားရှုမြင်၍ မဖြစ်နိုင်ပေရာ ကိုယ်ဝန်ဆောင်ကာလတွင် ကြုံတွေ့ရလေ့ရှိသော ခံတွင်းကျန်းမာရေးပြဿနာများနှင့် လိုအပ်သော ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုတို့ကို ကိုယ်ဝန်ဆောင်မိခင်များ အလေးထားစေဖို့ ရေးသားတင်ပြပါမည်။

ကိုယ်ဝန်ဆောင်မိခင်များတွင် ကိုယ်ဝန်နှစ်လခန့်မှစ၍ ယေဘုယျအားဖြင့် အဖြစ်များလေ့ရှိသော ခံတွင်းရောဂါမှာ ကိုယ်ဝန်ဆောင် သွားဖုံးရောင်ရောဂါ (Pregnancy Gingivitis) ဖြစ်ပါသည်။ ကိုယ်ဝန်ဆောင် သွားဖုံးရောင်ရောဂါသည် ကိုယ်ဝန်ဆောင်ကာလ ဇီဝဖြစ်စဉ်အရ အမျိုးသမီးဟိုမုန်းများ ထုတ်လုပ်မှုများပြားလာခြင်းကြောင့် ကိုယ်ဝန်ဆောင်မိခင်များ၏ ရာခိုင်နှုန်း ၄၀ ခန့်တွင် ဖြစ်လေ့ရှိပြီး ရောဂါလက္ခဏာသည် သာမန်အချိန်မှာ ဖြစ်တတ်သော သွားဖုံးရောင်ရောဂါထက် ပိုမိုသိသာစွာရောင်ရမ်းလျက် သွားတိုက်လျှင် သွေးထွက်လွယ်ပါသည်။ ကိုယ်ဝန်မဆောင်မီကတည်းက မိခင်၌ သွားဖုံးရောင်ရောဂါရှိနေလျှင် ကိုယ်ဝန်ဆောင်ချိန်တွင် သွားဖုံးရောင်သည့် လက္ခဏာသည် သိသာဆိုးရွားစွာ နီရဲဖောင်းကြွ ရောင်ရမ်းတတ်ပါသည်။ တစ်ခါတစ်ရံ သွားဖုံးရောင်သည့်လက္ခဏာသည် ပါးစပ်ရှေ့ဘက် သွားနှစ်ချောင်းကြားရှိ သွားဖုံးသားတစ်နေရာ၌ ထင်ရှားစွာ မို့ဖောင်းလျက် နီရဲရဲ(သို့မဟုတ်) ခရမ်းရောင်(သို့မဟုတ်) ပြာနှမ်းနှမ်းအရောင်ရှိပြီး ထိခိုက်မိလျှင် သွေးထွက်လွယ်သော်လည်း နာကျင်မှုမရှိသော အဖုသဏ္ဌာန်လက္ခဏာဖြစ်လာသည်။ ယင်းကို Pyogenic Granuloma(သို့မဟုတ်) Pregnancy Tumour ဟုခေါ်ပြီး ကိုယ်ဝန်ဆောင်မိခင်များ၏ တစ်ရာခိုင်နှုန်းခန့်တွင် ဖြစ်လေ့ရှိသည်။ ကိုယ်ဝန်ဆောင်သွားဖုံးရောင်ရောဂါသည် စနစ်မှန် သွားတိုက်ခြင်းကဲ့သို့ တစ်ကိုယ်ရေ ခံတွင်းသန့်ရှင်းမှုကို ဂရုတစိုက် ကြပ်ကြပ်မတ်မတ်ဆောင်ရွက်လျှင် မီးဖွားပြီးသည်နှင့် ဇီဝဖြစ်စဉ် အပြောင်းအလဲကြောင့် သက်သာပျောက်ကင်းနိုင်ပြီး Pregnancy Tumour ဖြစ်လျှင်မူ သွားဘက်ဆိုင်ရာဆရာဝန်နှင့် ပြသ၍ ကုသမှုခံယူရပါမည်။

ကိုယ်ဝန်ဆောင်သွားဖုံးရောင်ရောဂါနှင့်အတူ သွားများအနည်းငယ်ယိုင်နဲ့လာခြင်းသည်လည်း ကိုယ်ဝန်ဆောင်မိခင်များ၏ ခံတွင်း၌ ယေဘုယျအားဖြင့်ဖြစ်လေ့ရှိသော လက္ခဏာတစ်ရပ်ဖြစ်သည်။ ယင်းသို့ ဖြစ်ရခြင်းမှာ သွားဖုံးရောင်ရောဂါမှတစ်ဆင့် ရေစီးကမ်းပြိုရောဂါ၏ ကနဦးလက္ခဏာအဖြစ် သွားမြစ်ဝန်းကျင် အမြှေးပါးများ ရောင်ရမ်းလာခြင်းကြောင့်သော်လည်းကောင်း၊ သွားမြစ်တွင်းရိုးအပေါ်လွှာ၌ အချို့သော သတ္တုဓာတ်များ ပြောင်းလဲနည်းပါးလာခြင်းကြောင့်သော်လည်းကောင်း ဖြစ်ပါသည်။ **သွားများယိုင်နဲ့သည့်အခြေအနေသည် မီးဖွားပြီးလျှင် မိခင်၏ဇီဝဖြစ်စဉ် အပြောင်းအလဲကြောင့် ပြန်လည်ကောင်းမွန် ခိုင်ခံ့သွားနိုင်ပါသည်။ သို့သော် ကိုယ်ဝန်ဆောင်ကာလတွင် သွားများယိုင်နဲ့မှု ပိုမိုဆိုးရွားမသွားစေရန် အစာစားပြီးတိုင်း ရေ(သို့မဟုတ်) ခံတွင်းသန့်ဆေးရည်ဖြင့် ပလုတ်ကျင်းပေးခြင်း၊ စနစ်မှန်သွားတိုက်နည်းဖြင့် မနက်တစ်ကြိမ်၊ ညအိပ်ရာဝင်ခါနီး တစ်ကြိမ် သွားတိုက်ခြင်း၊ လိုအပ်ပါက သွားဘက်ဆိုင်ရာ ဆရာဝန်နှင့်ပြသ၍ ကုသမှုခံယူခြင်းတို့ဖြင့် ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုကို အလေးထားဆောင်ရွက်သင့်ပါသည်။**

သွားပိုးစားခြင်းသည် ကိုယ်ဝန်ဆောင်ကာလ ဇီဝဖြစ်စဉ်နှင့် တိုက်ရိုက်ပတ်သက်မှုမရှိသော်လည်း ကိုယ်ဝန်ဆောင်မိခင်အဖို့ အချိုလွန်ကဲသော အစာများကို ချင်ခြင်းတပ်ရာမှ သွားပိုးစားရောဂါသည်လည်း ဖြစ်လွယ်စေနိုင်ပါသည်။ စင်စစ် သွားပိုးစားရောဂါဟူသည် သွားမျက်နှာပြင်၌ ကပ်ငြိကျန်ရစ်သော အချိုဓာတ်ကို ခံတွင်းရှိ ဘက်တီးရီးယားပိုးတစ်မျိုးက အာဟာရအလို့ငှာ စားသုံးပြီး ဘေးထွက်ပစ္စည်းအဖြစ် အက်ဆစ်ကို စွန့်ထုတ်လိုက်ရာ ယင်းအက်ဆစ်ကြောင့် သွားကြွေလွှာမျက်နှာပြင် ဆွေးမြည့်ပျက်စီးရာမှ သွားပိုးစားရောဂါကို ဖြစ်စေပါသည်။ လူတစ်ဦး၏ ခံတွင်းရှိ အက်ဆစ်ဓာတ် ပမာဏကို ပီအိပ်ချ်ဖြင့် တိုင်းတာဖော်ပြလေ့ရှိပြီး ပုံမှန်အားဖြင့် သွားပိုးစားရောဂါကင်းစင်သည့် ခံတွင်းရှိ အက်ဆစ်ပမာဏသည် ပီအိပ်ချ် ၆ ဒသမ ၆ မှ ၇ ဒသမ ၁ အတွင်းရှိပါသည်။ ဘက်တီးရီးယားများက စွန့်ထုတ်လိုက်သော အက်ဆစ်ကြောင့် ခံတွင်း၏ ပီအိပ်ချ်သည် ၅ ဒသမ ၅ အောက်သို့ကျဆင်းသွားလျှင် ယင်းအက်ဆစ်ပမာဏသည် သွားကြွေလွှာကို ဆွေးမြည့်ပျက်စီးစေသည်။ ကိုယ်ဝန်ဆောင်မိခင်များ၏ ခံတွင်းသည် ပျမ်းမျှအားဖြင့် ပီအိပ်ချ် ၆ ဒသမ ၆၁ ဝန်းကျင်ရှိပေရာ ယင်းအက်ဆစ်ပမာဏသည် သွားပိုးစားခြင်းကို အထောက်အပံ့မဖြစ်စေနိုင်သော်လည်း ချို၍စေးကပ်သော အစားများကို လွန်လွန်ကဲကဲစားသုံးလျှင်မူ သာမန်လူများကဲ့သို့ပင် ခံတွင်း၏ ပီအိပ်ချ်သည် ပိုမိုနိမ့်ကျလာပြီး သွားပိုးစားခြင်းကိုဖြစ်လွယ်စေပါသည်။ သို့ဖြစ်ရာ **ကိုယ်ဝန်ဆောင်မိခင်များအဖို့ အချိုလွန်ကဲသောအစာများကို စားသုံးခြင်းမှ ရှောင်ကြဉ်ခြင်း၊ တစ်ကိုယ်ရေခံတွင်းသန့်ရှင်းရေးကို အလေးဂရုပြုဆောင်ရွက်ခြင်းတို့ဖြင့် သွားပိုးစားရောဂါမှ ကင်းဝေးစေနိုင်ပါသည်။**

ဤနေရာတွင် ကိုယ်ဝန်ဆောင်စဉ် သွားပိုးစားလွယ်ခြင်း၊ သွားဖုံးသွေးထွက်ခြင်း၊ သွားများယိုင်နဲ့လာခြင်းတို့နှင့်ပတ်သက်၍ အချို့သော ကိုယ်ဝန်ဆောင်မိခင်များအသိမှား၊ အမှတ်မှားလျက်ရှိကြသည့် အယူအဆတစ်ရပ်ကို တင်ပြလိုပေသည်။ ယင်းမှာ သန္ဓေသား၏ သွားနှင့်အရိုးများတည်ဆောက်ရန် လိုအပ်သော ကယ်လ်စီယမ်ဓာတ်(ထုံးဓာတ်)ကို ကိုယ်ဝန်ဆောင်မိခင်၏သွားများထံမှ တစ်စတစ်စစီ ပျက်ပြုန်း၍ သန္ဓေသားဆီသို့ ဖြည့်ဆည်းပေးရသဖြင့် မိခင်၏သွားများ ကြံ့ခိုင်မှုနည်းပါးလာပြီး ဆွေးမြည့်ပျက်စီးဆုံးရှုံးရခြင်းသည် ဖြစ်ရိုးဖြစ်စဉ်ပမာ“ကိုယ်ဝန်တစ်ကြိမ်ဆောင်၊ သွားတစ်ချောင်းဆုံး” (A TOOTH FOR EVERY PREGNANCY)ဟူ၍ လွဲမှားစွာနားလည်လက်ခံကြခြင်း ဖြစ်ပါသည်။ စင်စစ် အရိုးများရှိ ကယ်လ်စီယမ်ဓာတ်သာလျှင် ခန္ဓာကိုယ်၏ အခြားလိုအပ်သော နေရာများဆီသို့ သွေးလှည့်ပတ်မှုမှတစ်ဆင့် ရွှေ့လျားဖြည့်ဆည်းပေးနိုင်ပြီး သွား၌ရှိသော ကယ်လ်စီယမ်ဓာတ်မှာမူ သွားအဖြစ်ဖွဲ့စည်းတည်ဆောက်ပြီးသည်မှစ၍ ခိုင်ခံ့သောပုံဆောင်ခဲအသွင်ဖြင့်တည်မြဲနေပေသည်။ **ကိုယ်ဝန်ဆောင်စဉ် သွားများပျက်စီးဆုံးရှုံးရခြင်းမှာ ကစီဓာတ်(အချိုဓာတ်)လွန်ကဲသောအစာများ စားသုံးမှုများခြင်းနှင့် တစ်ကိုယ်ရေခံတွင်းသန့်ရှင်းမှုအားနည်းခြင်းတို့ကြောင့်သာလျှင် ဖြစ်နိုင်ပါသည်။ သို့ဖြစ်ရာ အာဟာရဓာတ်လိုအပ်ချက်အရ ကယ်လ်စီယမ်ဆေးပြားများသောက်ရန် ဆရာဝန်က ညွှန်းသည်မှလွဲ၍ ကိုယ်ဝန်ဆောင်မိခင်သည် သွားများကြံ့ခိုင်ရေးအတွက် ကယ်လ်စီယမ်ဆေးပြားများကို မိမိဆန္ဒဖြင့် အပိုဆောင်းမှီဝဲခြင်း မပြုလုပ်သင့်ပါ။**

ပျို့ခြင်း၊ အန်ခြင်းသည် ကိုယ်ဝန်ရှိခါစ ကိုယ်ဝန်ဆောင်မိခင်များတွင် ဇီဝဖြစ်စဉ်အပြောင်းအလဲကြောင့် ယေဘုယျအားဖြင့် ဖြစ်လေ့ရှိသော လက္ခဏာတစ်ရပ်ဖြစ်ပြီး အကယ်၍ ကာလကြာရှည်စွာ လေချဉ်တက်ခြင်း၊ အစာအိမ်မှ အချဉ်ရည်များလည်ချောင်းအထက်သို့ မကြာခဏဆန်တက်ခြင်းဖြစ်လျှင် ခံတွင်းအနံ့ဆိုးရွားစေမှု၊ သွားကြွေလွှာပွန်းတီးပျက်စီးစေမှုများ ဖြစ်လာနိုင်ပေရာ လိုအပ်ပါက သွားဘက်ဆိုင်ရာဆရာဝန်နှင့် ဆွေးနွေးတိုင်ပင်ပြီး ကုသမှုရယူသင့်ပါသည်။

အချို့သောအမျိုးသမီးများသည် ကိုယ်ဝန်မဆောင်မီကပင် ပါးစောင်အမြှေးပါး၊ ပါးချောင်နှင့် လျှာဘေးဖက်အနားတစ်လျှောက်တို့တွင် Recurrent Aphthae ဟုခေါ်သည့် အနာငယ်လေးများ မကြာခဏဖြစ်လေ့ရှိပြီး ကိုယ်ဝန်ဆောင်ကာလတွင် ပိုမိုဆိုးရွားစွာ ဖြစ်လာတတ်ပါသည်။ ယင်းအနာငယ်လေးများသည် အရေအတွက်တစ်ခုမှ လေး၊ ငါးခုအထိဖြစ်လေ့ရှိပြီး တစ်ပတ်မှ ဆယ်ရက်ခန့်ကြာလျှင် အလိုလိုပျောက်ကင်းကာ တစ်လခြားခန့်တွင် မကြာခဏပြန်ဖြစ်လေ့ရှိသည်။ ယင်းအနာငယ်များသည် အစာမစားနိုင်လောက်အောင် နာကျင်ပြီး သွေးအားနည်းခြင်း၊ ဆီးချို၊ အစာလမ်းကြောင်းရောဂါများ၊ ကိုယ်ခံအားနည်းရောဂါများ၊ စိတ်ဖိစီးမှု(သံဓာတ်၊ ဗီတာမင်ဘီ-၁၂နှင့် ဖောလစ်အက်ဆစ်)အာဟာရဓာတ်များချို့တဲ့မှုတို့နှင့် ဆက်နွှယ်ပါသည်။ သို့ဖြစ်ရာ ခံတွင်း၌ Recurrent Aphthae အနာငယ်လေးများ မကြာခဏဖြစ်လေ့ရှိသော ကိုယ်ဝန်ဆောင်မိခင်များအဖို့ အာဟာရ ချို့တဲ့မှုရှိနေပါက သံဓာတ်ကြွယ်ဝသောအသည်း၊ အမဲသား၊ ဥနှင့် အစိမ်းရောင်ရှိသော ဟင်းသီးဟင်းရွက်များ၊ ဗီတာမင်-ဘီ အုပ်စုဝင် အာဟာရဓာတ်များ ကြွယ်ဝသော ရေခန်းချက်သည့်ထမင်း၊ ဂျုံ၊ ပြောင်း၊ နို့၊ နို့ထွက်ပစ္စည်းများနှင့် ပဲအမျိုးမျိုးတို့ကို မျှတလုံလောက်စွာ စားသုံးခြင်း၊ ဗီတာမင်အားဆေးများကို ဆရာဝန်နှင့်ဆွေးနွေးတိုင်ပင်ပြီးမှ မှီဝဲခြင်းတို့ဖြင့် ရောဂါသက်သာပျောက်ကင်းမှုကို အထောက်အပံ့ဖြစ်စေနိုင်ပါသည်။

အချုပ်အားဖြင့် ကိုယ်ဝန်ဆောင်ကာလတွင် ကြုံတွေ့ရလေ့ရှိသော ခံတွင်းကျန်းမာရေးပြဿနာများကို ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် အလေးထားနားလည်ပြီး ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုကို ဂရုပြု လိုက်နာဆောင်ရွက်ကြမည်ဆိုပါလျှင် ခံတွင်း၏ကောင်းခြင်း၊ နှုတ်၏မြိန်ခြင်းဟူသော အကျိုးတရားများရနိုင်လျက် အာဟာရပြည့်ဝသော အစားအစာများကို ဂရုတစိုက်ရွေးချယ်စားသုံးနိုင်မည် ဖြစ်ပါသည်။ ထိုမှတစ်ဆင့် အာဟာရ၏အထောက်အပံ့ဖြင့် မိခင်၏ကျန်းမာရေးကို ကြံ့ခိုင်စေလျက် ကိုယ်ဝန်ဆောင်စဉ်နှင့် မီးဖွားစဉ်ကာလတို့တွင် ကြုံတွေ့ရမည့် အာဝေဏိကဒုက္ခတို့ကို မိခင်အနေဖြင့် ကြံ့ကြံ့ခိုင် ရင်ဆိုင်နိုင်မည်ဖြစ်သည်။ ထို့မျှမက မိခင်ထံမှရရှိသော၊ အာဟာရအထောက်အပံ့ဖြစ်သော သန္ဓေသားအဖို့ မိခင်၏သားအိမ်အတွင်း ခိုမှီကြီးထွားဖွံ့ဖြိုးနိုင်ပြီး မွေးဖွားပြီးသည့်အခါတွင်လည်း ကျန်းမာသန်စွမ်းသော ကလေးအဖြစ်ရှင်သန်ကြီးပြင်းစေလျက် မိခင်နှင့်ရင်သွေးနှစ်ဦးစလုံးအတွက် လှပနုသစ်သောဘဝများကို ထုဆစ်ယဉ်ကြော့ ကြွားဝင့်မော့နိုင်ကြမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ ငွေလှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၃

အောင်မြေပညာပေးမဂ္ဂဇင်း စတင်ထုတ်ဝေခြင်း အထိမ်းအမှတ် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် ၅၂၉/၅၃၁ ရှိ စာပေဗိမာန်အဆောက်အအုံ (ဒုတိယထပ်)၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)၊အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦးနှင့်ဗဟိုအမှုဆောင်ကော်မတီဝင်များ၊အလှူရှင်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အမှာစကား ပြောကြားပြီးဗဟိုအမှုဆောင်ကော်မတီဝင် စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေးလေ့လာရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးမျိုးသန့် (မောင်ဆုရှင်)က အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင် အောင်မြေပညာပေးမဂ္ဂဇင်း အယ်ဒီတာချုပ် ဦးစံတင်အောင်(ရွှေဘို)က ငွေလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေရန်ပုံငွေသို့ ငွေကျပ်သုံးသိန်းလှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေ ရှာဖွေရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ) နှင့် တာဝန်ရှိသူများက လက်ခံယူပြီး**(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၃-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း ၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀	၁။ မြဝတီအဖွင့်
၁၂း၀၅	၂။ အဖွင့်သီချင်း
၁၂း၁၀	၃။ မျိုးချစ်တပ်မတော်
၁၂း၂၀	၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၃၀	၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -ဓားသွားပေါ်ကရှင်သန်ခြင်း**
၁း၅၀	၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁း၅၅	၇။ အပိတ်နှုတ်ဆက်စကား
၂း၀၀	၈။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ မျိုးချစ်တပ်မတော်
၄း၂၀	၄။ လက်စွမ်းပြပဟန်ဂီတသံ
၄း၃၀	၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၄၀	၆။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၅၀	၇။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀	၈။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။ နိုင်ငံတကာသတင်း
၆း၂၀	၁၁။ မိုးလေဝသသတင်း
၆း၂၅	၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၅	၁၄။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “သံစဉ်မဲ့မေတ္တာ” (အပိုင်း-၁၃)**
၈း၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။ ပဟေဠိနန်းတော်
	၁၉။ ကျန်းမာသုတ
	၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။ **ENGLISH PREMIER LEAGUE ဘောလုံးပွဲ** -Westham United Vs Tottenham Hotspur
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

တောင်ကိုရီးယားနိုင်ငံ ဒေဂျီယန်မြို့တွင် အမျိုးသမီးသူနာပြုတပ်ဖွဲ့ဝင်များ စစ်ရေးပြနေသည်ကို မတ် ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာကြီးပူနွေးလာမှုနှင့် ပင်လယ်ရေမြင့်တက်လာမှု ဘရာဇီးပြည်သူ ၄၂ သန်း အန္တရာယ်ဖြစ်စေနိုင်

ရီယိုဒီဂျနေးရိုး မတ် ၂

ဘရာဇီးနိုင်ငံ၏ ပျမ်းမျှအပူချိန်သည် ၂၁၀၀ပြည့်နှစ်တွင် လေးဒီဂရီဆဲလ်စီးယပ်စ်အထိမြင့်တက်လာနိုင်ပြီး ပင်လယ်ရေမျက်နှာပြင်သည် မီတာ၀က်ခန့်အထိ မြင့်တက်လာနိုင်သဖြင့် ကမ်းရိုးတန်းဒေသများတွင်နေထိုင်သူ ဘရာဇီးနိုင်ငံသား ၄၂ သန်းအတွက် အန္တရာယ်ဖြစ်စေနိုင်ကြောင်း သဘာ၀ပတ်၀န်းကျင်၀န်ကြီးဌာနက အင်္ဂါနေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာအရသိရသည်။ အဆိုပါအစီရင်ခံစာကို ရာသီဥတုခန့်မှန်းရေးနှင့် ရာသီဥတုလေ့လာရေးဌာနနှင့် အမျိုးသားအာကာသသုတေသနဌာနတို့က ၂၀၀၄ ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ သုတေသနပြုချက်အပေါ်အခြေခံကာ ပြုစုထားခြင်းဖြစ်သည်။

ကမ္ဘာကြီးပူနွေးမှုအခြေအနေက ဆက်လက်ဆိုးရွားလာနိုင်သည်ဟု ရာသီဥတုပြောင်းလဲရေး အကဲဖြတ်အဖွဲ့က သုံးသပ်သည်။ ယခုလက်ရှိ ၂၄ ဒသမ ၉ ဒီဂရီ ဆဲလ်စီးယပ်စ်ရှိနေသည့် ဘရာဇီးနိုင်ငံ၏ ပျမ်းမျှအပူချိန်သည် ၂၁ ရာစုအတွင်း ၂၈ ဒီဂရီအထိ မြင့်တက်လာနိုင်သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်တွင် အိမ်ခြေရာမဲ့ ဦးရေ ခုနစ်သိန်းခွဲကျော်ရှိ

၀ါရှင်တန် မတ် ၂

အမေရိကန်ပြည်ထောင်စုတွင် ယာယီနားခိုစရာနေရာများ၌ သို့မဟုတ် လမ်းပေါ်တွင်အိပ်စက်ရသည့် အိမ်ခြေရာခြေမဲ့ဦးရေမှာ ၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် ၇၅၄၀၀၀ ခန့်အထိရှိကြောင်း အမေရိကန် တာ၀န်ရှိပုဂ္ဂိုလ်တစ်ဦးက အောက်လွှတ်တော်သို့ တင်ပြသည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။ အမေရိကန်အိုးအိမ်နှင့် မြို့ပြဖွံ့ဖြိုးရေးဌာန(အိပ်ချ်ယူဒီ)က သုံးလတာကာလအတွင်း အမေရိကန်ပြည်ထောင်စု၏ အိုးအိမ်မဲ့အခြေအနေကို ထုတ်ပြန်ခြင်းဖြစ်သည်။

အိုးအိမ်မဲ့ ၄၇ ရာခိုင်နှုန်းသည် တစ်ကိုယ်ရေတစ်ကာယသမားများဖြစ်ကြသည်။ အမေရိကန်စုစုပေါင်း လူဦးရေ၏ လေးပုံတစ်ပုံနီးပါးသည် အသက် ၁၇နှစ် သို့မဟုတ် ၎င်းထက်ငယ်သူများဖြစ်သည်။ နှစ်ရာခိုင်နှုန်းထက် နည်းသည့် အိမ်ခြေရာခြေမရှိသူဦးရေသည် အသက် ၆၂နှစ်နှင့်အထက် အသက်ကြီးသူများဖြစ်သည်။ အိမ်ခြေရာခြေမရှိသည့် လူဦးရေ၏ ၅၉ ရာခိုင်နှုန်းသည် လူမျိုးစုငယ်အုပ်စုများဖြစ်ပြီး ၄၅ ရာခိုင်နှုန်းသည် အာဖရိက-အမေရိကန်နွယ်ဖွားများဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ ရိုက်တာ။

မိုက္ကရိုချစ်(ပ်)ထုတ်လုပ်သည့် အချက်အချာနိုင်ငံ အိန္ဒိယ ဖြစ်လာရန်ရည်မှန်း

ဘင်္ဂလို မတ် ၂

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် မိုက္ကရိုချစ်(ပ်)ထုတ်လုပ်သည့် အချက်အချာနိုင်ငံအဖြစ် ရပ်တည်နိုင်ရန်ကြိုးပမ်းလျက်ရှိကြောင်း မတ် ၂ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

မိုက္ကရိုချစ်(ပ်)ထုတ်လုပ်မှုအားကောင်းသော နိုင်ငံအဖြစ်ရပ်တည်လာနိုင်စေရေးအတွက် မိုက္ကရိုချစ်(ပ်)ထုတ်လုပ်သည့်ကုမ္ပဏီများကို ဆွဲဆောင်ခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု မြင့်မားလာစေမည်ဖြစ်သည်။ မိုက္ကရိုချစ်(ပ်)စက်ရုံများ ထူထောင်ဖွင့်လှစ်ရန် ဆောင်ရွက်သည့် ကုမ္ပဏီများကို အခွန်အကောက်ဆိုင်ရာ သက်သာခွင့်များပေးခြင်းနှင့် ထောက်ပံ့ပေးခြင်းတို့ ပြုလုပ်စေမည်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ တစ်ပိုင်းလျှပ်ကူးပစ္စည်း ထုတ်လုပ်ရေးကုမ္ပဏီများနှင့် အဆင့်မြင့်နည်းပညာသုံးကုမ္ပဏီများလာရောက် ရင်းနှီးမြှုပ်နှံလာရန် အားပေးသည့် မူဝါဒ တစ်ရပ်ကိုချမှတ်ကျင့်သုံးလျက်ရှိကြောင်း အိန္ဒိယနိုင်ငံ ဘင်္ဂလိုမြို့အခြေစိုက် အိန္ဒိယတစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရေးအသင်းမှ ပူလီမာရှိန္ဒိုင်းက ပြောကြားသည်။

မိုက္ကရိုချစ်(ပ်)ထုတ်လုပ်မှု ထိပ်တန်းနိုင်ငံအဖြစ် ရပ်တည်ရေးအစီအစဉ်တစ်ရပ်ကို ဆက်သွယ်ရေး၀န်ကြီး ဒယန်နီဒီဗာရန်က မြို့တော်နယူးဒေလီတွင် ပြီးခဲ့သည့် ရက်သတ္တပတ်က ထုတ်ပြန်ကြေညာခဲ့သည်။

အိန္ဒိယနိုင်ငံ၏ မိုက္ကရိုချစ်(ပ်)ထုတ်လုပ်ရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၉ဘီလီယံအထိ ရောက်ရှိလာစေရန် မိမိတို့ဆွဲဆောင်သွားမည် ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုတိုးတက်လာခြင်းဖြင့် အီလက်ထရွန်နစ်လုပ်ငန်းတစ်ရပ်လုံး လျင်မြန်စွာ ကြီးထွားလာမည်ဖြစ်ကြောင်း ရှိန္ဒိုင်းက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ အီလက်ထရွန်နစ်ဈေးကွက်သည် လွန်ခဲ့သည့်နှစ်က ဒေါ်လာ ၂၈ဘီလီယံဖိုးရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ဒေါ်လာ ၃၆၃ ဘီလီယံဖိုးအထိ ရောက်ရှိလာမည်ဟု ခန့်မှန်းထားသည်။

အင်တာနက်။

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် တရုတ်နှစ်သစ်ကူးအဖြစ် နဂါးအက လှည့်လည်ကပြနေသည်ကို မတ် ၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အရည်နှင့်အဆီပျစ် ခရီးသည်များသယ်ဆောင်မှု ဟောင်ကောင်လေဆိပ်ကန့်သတ်

ဟောင်ကောင် မတ် ၂

ကမ္ဘာပေါ်တွင် ပဉ္စမအစည်ကားဆုံးလေဆိပ်ဖြစ်သည့် ဟောင်ကောင်လေဆိပ်တွင် နိုင်ငံတကာ လုပ်နည်းလုပ်ထုံးများနှင့်အညီ ခရီးသည်များ၏ လက်ဆွဲအိတ်အတွင်း ဓာတုဗေဒဆေးရည်များ၊ အဆီပျစ်နှင့် လေသန့်ဆေးရည်ဘူးများကို ယူဆောင်လာခြင်း ရှိ၊ မရှိ ရှာဖွေစစ်ဆေးတော့မည်ဖြစ်ကြောင်း အစိုးရ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ဆွဲအိတ်နှင့်၀န်စည်စလယ်တွင် ထည့်လာသည့် အရည်အားလုံး အဆီပျစ်နှင့် လေသန့်ဆေးရည်များကို ၃ ဒသမ ၅၂ အောင်စထက်မကြီးသည့်ဗူးဖြင့် ထည့်ထားကာ သယ်ဆောင်ရမည်ဖြစ်ပြီး တစ်လီတာထက်မကြီးသည့် ထုတ်ချင်းပေါက်မြင်နိုင်သော ပလတ်စတစ်အိတ်တွင် ထည့်ထားရမည် ဖြစ်သည်။

ဆေးပုလင်းများ၊ ကလေးများအတွက် နို့မှုန့်၊ စားနပ်ရိက္ခာများကို ခြွင်းချက်ထားကာ စစ်ဆေးမည်မဟုတ်ဟု ဆိုသည်။

နိုင်ငံတကာ မြို့ပြလေကြောင်းပျံသန်းရေးအဖွဲ့၏ လမ်းညွှန်ချက်အသစ်နှင့်အတူ ဟောင်ကောင်လေဆိပ်တွင် ဆောင်ရွက်မည် ဖြစ်ကြောင်း အစိုးရ၏ကြေညာချက်တွင် ပါရှိသည်။

အမ်အင်အေ၊ရိုက်တာ။

အီတလီရှိ ဗစ်ဆူဗီးယပ်စ်မီးတောင်အန္တရာယ် ပညာရှင်များ သတိပေး မီးတောင်အနီးနေထိုင်သူ သုံးသိန်းထက်မနည်း သေဆုံးနိုင်

ရောမ မတ် ၂

အီတလီနိုင်ငံရှိ ဗစ်ဆူဗီးယပ်စ်မီးတောင် ပေါက်ကွဲမည်ဆိုပါက အလွန်အင်အားပြင်းထန်မည် ဖြစ်ကြောင်း၊ မီးတောင်အနီးနေထိုင်သူများကို ကြိုတင်ပြောင်းရွှေ့ထားခြင်း မရှိပါက အီတလီနိုင်ငံသား ၃၀၀၀၀၀ ထက် မနည်း သေဆုံးရဖွယ်ရှိသည်။ သုံးဖက်မြင်နည်းပညာဖြင့် ကွန်ပျူတာကိုသုံး၍ မီးတောင်ပေါက်ကွဲမှုကို လေ့လာမှုအရ ဖော်ပြထားသည်။

အနီးရောင် သတိပေးချက် ထုတ်ပြန်ထားသော မြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသများတွင် နေထိုင်သူ ၂၀၀၀၀၀ကျော်သည် ဗစ်ဆူဗီးယပ်စ်မီးတောင်အနီးရှိ ဆိုမာတောင်တန်းကာဆီးထားသည့်အတွက် မီးတောင်အန္တရာယ်မှ လွတ်မြောက်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဗစ်ဆူဗီးယပ်စ်မီးတောင်သည် နှစ်အတန်ကြာ လှုပ်ရှားမှုမရှိဘဲ နေခဲ့သော်လည်း နောက်ထပ် ပေါက်ကွဲမှုဖြစ်ပွားပါက အေဒီ ၇၉ မီးတောင်ပေါက်ကွဲမှုကဲ့သို့ အင်အားပြင်းထန်နိုင်သည်ဟု သိပ္ပံပညာရှင်များ စိုးရိမ်လျက်ရှိသည်။ အေဒီ ၇၉ က ယင်းမီးတောင် ပေါက်ကွဲမှုကြောင့် ရှေးဟောင်းမြို့တော်ဖြစ်သော ပွန်ပီယိုင်နှင့် ဟာကူလာနမ်မြို့တို့တွင် ၁၆၀၀၀ ခန့် သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲ ရှစ်ဦးသေဆုံး၊ ၂၇ဦးဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၂

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တော်တွင် အင်္ဂါနေ့က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် ရှစ်ဦးသေဆုံးပြီး ၂၇ ဦးထိခိုက်ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ဘဂ္ဂဒက်မြို့တော်အလယ်ပိုင်းဟာရီယာရင်ပြင်အနီးတွင် ကားဗုံးပေါက်ကွဲသဖြင့် ငါးဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိခဲ့သည်ဟု သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ မော်တော်ယာဉ်တန်း ဖြတ်သန်းချိန်တွင် ဗုံးပေါက်ကွဲခြင်းဖြစ်သည်။ ဘဂ္ဂဒက်မြို့တော်အလယ်ပိုင်း တိုင်ရန်ရင်ပြင်အနီးရှိ စားသောက်ဆိုင်အတွင်း၌လည်း ဗုံးပေါက်ကွဲသဖြင့် နှစ်ဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိသည်ဟု သတင်းရပ်ကွက်က ပြောကြားသည်။

သီးခြားဖြစ်ရပ်တစ်ခုတွင် ဘဂ္ဂဒက်အရှေ့ပိုင်း၌ ရဲလှည့်ကင်းယာဉ်ဖြတ်သွားစဉ် လမ်းဘေးဗုံးပေါက်ကွဲသဖြင့် ရဲတပ်ဖွဲ့ပိုင်မော်တော်ကားတစ်စီး ပျက်စီးပြီး ရဲတပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရရှိသည်ဟု သတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နိုင်ငံ အယ်လ်ဘားမားဒေသတွင် တိုနေဒိုးမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးသွားသောကားများကို မတ် ၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်ကော်ဖီတင်ပို့မှု သိသိသာသာတိုးတက်

ဟန္နိုင်း မတ် ၂

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမနှစ်လတာကာလတွင် ကော်ဖီတင်ပို့မှုလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၅၆၅ သန်းရရှိကြောင်း၊ ကမ္ဘာ့ကော်ဖီဈေးနှုန်း မြင့်တက်လာခြင်းကြောင့် လွန်ခဲ့သောနှစ်ကထက် ၂၂၂ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဗီယက်နမ်ကော်ဖီနှင့်ကိုကာထုတ်လုပ်သူများအသင်းက ဖေဖော်ဝါရီ ၂၈ရက်တွင် ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီနှင့်ဖေဖော်ဝါရီ နှစ်လတာကာလတွင် ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ ကော်ဖီတန်ချိန် ၃၉၄၀၀၀ တင်ပို့ကြောင်း၊ တင်ပို့မှုတန်ချိန်မှာ ၁၄၉ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာကြောင်း၊ ဥရောပသမဂ္ဂ၊ အမေရိကန်၊ ဂျပန်၊ စင်ကာပူတို့သို့ အဓိကထား တင်ပို့ကြောင်း ဗီယက်နမ်ကော်ဖီနှင့် ကိုကာထုတ်လုပ်သူများအသင်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

(၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော်　　မတ်　　၃

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၅)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်း၌ ဆဋ္ဌမနေ့ပြိုင်ပွဲအဖြစ် ဆက်လက်ကျင်းပရာ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စစ်တီးဝိုင်းပြိုင်ပွဲ အမှတ်ပေး အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ပါဝင်ယှဉ်ပြိုင်

ယင်းပြိုင်ပွဲတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်း တပ်ခွဲ(၃)နှင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထိုသို့ယှဉ်ပြိုင်ရာတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)က တပ်မတော်၊ အောင်ပွဲရတဲ့ ဒို့စစ်သည်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ မျိုးချစ်ဇာနည်၊ မျိုးမြန်မာ ပြည်ရှာစစ်ချီတေးများဖြင့် လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)က တပ်မတော်၊ မျိုးချစ်ဇာနည်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ ပြည်သူ့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ ဒို့ရဲ့မြန်မာ့တပ်မတော်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ မျိုးချစ်ဇာနည်၊ နိုင်ငံအကျိုးအတွက် နပခစစ်သည် စစ်ချီတေးများဖြင့် လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက တပ်မတော်၊ မျိုးချစ်ဇာနည်၊ ထာဝစဉ် နပျိုနေတဲ့ ဒို့တပ်မတော် စစ်ချီတေးများဖြင့် လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းတပ်ခွဲ(၃)က ပြည်သူ့သားစစ်သည်၊ ဒို့စစ်သည်၊ မြန်မာအာဇာနည်၊ မြန်မာတို့ရဲ့ တပ်မတော်စစ်ချီတေးများဖြင့် လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)က အောင်ပွဲရတဲ့ ဒို့စစ်သည်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်၊တူယှဉ်ကာတိုက်စို့၊ တပ်မတော် စစ်ချီတေးများဖြင့် လည်းကောင်း အသီးသီး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။
၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။
၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကိုပြည်သူတို့နှင့်အတူ လက်တွဲ ချေမှုန်းရေး။
၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန်　　မတ်　　၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မတ် ၁ရက် ညနေ ၃နာရီခွဲတွင် လှူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် လေ့ကျင့်ရေးရုံ၌ ၂၀၀၇ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပဏာမမြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများ လေ့ကျင့်နေမှုများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်လေ့ကျင့်ရေးစခန်း၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပဏာမမြန်မာ့လက်ရွေးစင် လက်ဝှေ့အားကစားသမားများ လေ့ကျင့်နေမှုများကိုလည်းကောင်း၊ စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းရှိ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ် ပဒုမ္မာအားကစားခန်းမ၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် ဂူရှူးအားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် ရေကူးအားကစားသမားများ၏ စခန်းသွင်းလေ့ကျင့်မှုများကိုလည်းကောင်း၊ အမျိုးသားရေကူးကန်ဝင်းအတွင်းရှိ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ စခန်းသွင်း လေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားသမားများ လေ့ကျင့်နေမှုများနှင့် မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် စားပွဲတင်တင်းနစ် အားကစားသမားများ လေ့ကျင့်နေမှုများကိုလည်းကောင်း၊ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ လေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် ကရာတေးဒိုအားကစားသမားများ လေ့ကျင့်နေမှုများနှင့် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ လေ့ကျင့်လျက်ရှိသည့် ပဏာမ မြန်မာ့လက်ရွေးစင် ဘိလိယက်နှင့် စနူကာအားကစားသမားများ လေ့ကျင့်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်စစ်သမိုင်းပြတိုက် ခေတ္တပိတ်ထားမည်

ရန်ကုန်　　မတ်　　၃

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပြပွဲကျင်းပ ပြုလုပ်နိုင်ရေး ပြင်ဆင်မွမ်းမံမှုများပြုလုပ်နိုင်ရန် မတ် ၁ရက်မှ စတင်၍ ပြည်သူလူထုအား အခကြေးငွေယူ၍ ဖွင့်လှစ်ပြသခြင်းကို ခေတ္တပိတ်ထားမည်ဖြစ်ပြီး ၂၀၀၇ခုနှစ် မတ် ၂၆ရက်နေ့တွင် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲအဖြစ် ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုဒ္ဒံအသင်း(ရန်ကုန်) အသင်းဝင်သားသမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ရန်အတွက် ဦးမောင်မောင်တင်နှင့် ဇနီး ဒေါ်ဆွေဆွေဝင်းမိသားစုက ငွေကျပ်သိန်း ၅၀ ကို မုဒ္ဒံအသင်း(ရန်ကုန်) ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မုဒ္ဒံအသင်း(ရန်ကုန်) ဂုဏပူဇာပွဲကျင်းပ

ရန်ကုန် မတ် ၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၄ရက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော မွန်ပြည်နယ် မုဒုံမြို့ မြို့မ(၄)ရပ်ကွက် ရေတောင် တောရဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တ ပညာဝရနှင့် သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော မုဒုံမြို့မ(၄)ရပ်ကွက် ကွမ်ကသောင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ သုမန ဆရာတော်နှစ်ပါးတို့အား မုဒ္ဒံအသင်း(ရန်ကုန်)က ကြီးမှူး၍ ဆဋ္ဌမအကြိမ် ဂုဏပူဇော်ပွဲကို ယနေ့နံနက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီးရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပသည်။

ပူဇော်ပွဲတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးတို့အား မုဒ္ဒံအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကြည်ထွန်း(ငြိမ်း)နှင့်အမှုဆောင်အဖွဲ့ဝင်များနှင့်အတူ မုဒ္ဒံအသင်း(ရန်ကုန်) အသင်းဝင်များ၊ မိသားစုများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားတွင် မုဒ္ဒံအသင်း(ရန်ကုန်)အသင်းဝင် သားသမီးများ ပညာသင် ထောက်ပံ့ကြေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ရန်အတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ်(၄၈)နေ ဦးမောင်မောင်တင်နှင့် ဇနီး ဒေါ်ဆွေဆွေဝင်း မိသားစုက ငွေကျပ်သိန်း ၅၀ နှင့် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေစံပယ်ရိပ်မွန် တိုက်အမှတ်(O)အခန်း(၃/၄)နေ အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးကြီး သက်ဝင်း(ငြိမ်း)မိသားစုက အသင်းပိုင်အသုံးပြုရန်အတွက် ငွေကျပ် ၁၄၀၀၀၀ တန်ဖိုးရှိ အသံချဲ့စက် ပစ္စည်းစုံ တစ်လုံးကို မုဒ္ဒံအသင်း(ရန်ကုန်)ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၃-၂၀၀၇ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့်Logo ယနေ့အစီအစဉ်
၇း၀၅	ယုံလိုက်စမ်းပါကလေးရယ် တရားတော် (အရှင်အာစာရာလင်္ကာရ ဆရာတော်)
၈း၁၀	Sunday Talk [ကိုကို(စက်မှုတက္ကသိုလ်)၊ ဒေါက်တာဇော်သန်း၊]
၉း၀၀	တေးဂီတအစီအစဉ်
၉း၀၅	သံပြားပေါ်တွင်ဟင်းချက်ခြင်းနှင့်အချစ်ဇာတ်လမ်းတစ်ပုဒ်
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	နိုင်ငံတကာအနုပညာရေးရာ
၁၀း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၀	ဆန်းသစ်တီထွင်မှုနှင့် Myanmar Font
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	မိသားစုတနင်္ဂနွေ (ရွှေတိဂုံစေတီတော်)
၁၁း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၅	ပန်းချီထဲမှအလှတစ်ပါး ကျောက်စီပန်းချီကား
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	သီးနှံစိုက်ပျိုးအထွက်တိုး "အရှိန်အဟုန်မြှင့်ရမည့် စက်မှုလယ်ယာ ကူးပြောင်းရေး"
၁၁း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၅	မိုးလေဝသခန့်မှန်းချက်
၁၁း၄၀	ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားဘုရင်မမွေးမြူရေး)
၁၂း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅	ရွှေတောင်စက်ရုံစွမ်းပကားစက်မှု(၁)ရဲ့အား
၁၂း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၅	လူငယ်သိပ္ပံပြပွဲ
၁၂း၅၅	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇နာရီ မှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၀၀	ပွဲကြိုသုံးသပ်ချက် (၁)	5-Sports
၇း၃၀	ပွဲကြိုသုံးသပ်ချက် (၂)	5-Sports(Live)
၈း၁၀	Bolton-Black burn	5-Sports(Live)
၁၀း၂၅	West Ham-Tottenham	5-Sports(Live)

Series-A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Messina-Palamo	5-Sports(Live)

ပိဋကတ်ဝတ္ထုလမ်းညွှန်လှူဒါန်းမည်

ရန်ကုန်　　မတ်　　၃

ဓမ္မဗိမာန်ဆရာတော် ဘဒ္ဒန္တ သာသနဝရသည် ပိဋကတ်ဝတ္ထု လမ်းညွှန်နှင့် နေတ္တိအဋ္ဌကထာနိဿယ ကျမ်းစာအုပ်များကို အထူးဓမ္မဒါနအဖြစ် လှူဒါန်းမည်ဖြစ်ပါ၍ အလှူခံလိုသော ဆရာတော် သံဃာတော်များသည် ဓမ္မဗိမာန်သို့ ကိုယ်တိုင်ကြွရောက် အလှူခံနိုင်သည်။

အသက်(၁၂)နှစ်မှ (၁၅)နှစ်အတွင်း စာသင်သား သာမဏေများအား မတ် ၅ရက်မှ စတင်၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အဘယာရာမတိုက် စိန်ရတနာကျောင်း၌ လက်ခံမည်ဖြစ်သည်။

အသေးစိတ်သိလိုပါက ဓမ္မဗိမာန် အမှတ်(၆၀၆) ဒုတိယထပ် (၅)လမ်းနှင့် (၆)လမ်းကြား ကမ်းနားလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ဖုန်း-၂၁၁၃၅၉နှင့် ၃၈၅၁၉၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသန ညွှန်ကြားရေးမှူးချုပ် တွေ့ဆုံ

ရန်ကုန်　　မတ်　　၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ဖိလစ်ပိုင်သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာန ညွှန်ကြားရေးမှူးချုပ် Dr. Robert Ziegleer နှင့် အဖွဲ့ဝင်များသည် မတ် ၁ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ နတ်မောက်လမ်းသွယ်ရှိ ယုဇနညှော့ရိပ်သာသို့ လာရောက်တွေ့ဆုံကြပြီး မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။**(အပေါ်ပုံ)**

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့ဥက္ကဋ္ဌနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်တာနက် ကျန်းမာရေးသတင်း

သွားနှင့်ခံတွင်း ကျန်းမာရေးဆောင်ရွက်ခြင်းသည် နှလုံးနှင့် လေဖြတ်ရောဂါ ကာကွယ်ရေးကို အကျိုးပြု

လန်ဒန် မတ် ၃

သွားတိုက်ခြင်းနှင့် သွားအောက်ခြေ သန့်ရှင်းအောင်ဆောင်ရွက်ခြင်းသည် နှလုံးရောဂါနှင့် သွေးကြောများအတွင်း သွေးအသွားအလာကောင်းမွန်ရေးများကို အဆင်ပြေစေနိုင်ကြောင်း လေ့လာတွေ့ရှိရသည်ဟု သိပ္ပံသတင်းများက ဖော်ပြသည်။

သွားနှင့်ခံတွင်းကို ကုသမှုပေးခြင်းနှင့် ခံတွင်းသန့်ရှင်းရေးကို ဂရုပြုခြင်းသည် သွေးကြောများအတွင်း သွေးစီးဆင်းမှုကို ကောင်းမွန်စေသည်ဆိုသောအချက်ကို ဗြိတိသျှနှင့် အမေရိကန် သိပ္ပံပညာရှင်များက တွေ့ရှိကြသည်။ ထိုမျှသာမကသေး ယင်းသို့ဆောင်ရွက်ခြင်းသည် နှလုံးရောဂါနှင့် လေဖြတ်ရောဂါတို့ကိုလည်း ကာကွယ်ပေးနိုင်သည်ဟု လေ့လာသူ ပညာရှင်များက ပြောကြားသည်။

သွားနှင့်ခံတွင်း ကျန်းမာရေးကို အလေးထားခြင်းသည် နှလုံးနှင့် လေဖြတ်ရောဂါများကို ကာကွယ်ခြင်းလည်းမည်ပေသည်။

(ဓာတ်ပုံ-အင်တာနက်)

အထက်ပါလေ့လာမှုကို လန်ဒန်ယူနီဗာစီတီမှ ပညာရှင် ဂျွန်ဒင်းဖီးနှင့် အမေရိကန် ကွန်နက်တီကတ် တက္ကသိုလ်မှ ပညာရှင်များက လေ့လာခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့၏ လေ့လာတွေ့ရှိချက်ကို မတ် ၃ရက်ထုတ် နယူးအင်္ဂလန် ဆေးပညာဂျာနယ်၌ ရေးသား ဖော်ပြခဲ့သည်။

အင်တာနက်။

ဘိုးဘွားမိဘများအား အမှူးထား၍ ကမာရွတ်မြို့နယ် ပြည်လမ်းနေ ဦးမောင်မောင်ဘုန်းမြင့်-ဒေါ်ဦးခင်မိသားစု (ကြက်ဆင်မုန့်တိုက်)က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဆောက်လုပ်နေသော ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးကိုကိုကြီး (အငြိမ်းစားသံအမတ်ကြီး) လက်ခံယူစဉ်။

(က-ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မြန်မာနိုင်ငံ ရန်ကုန်တိုင်းအတွင်း သံသယဖြစ်ပွယ် ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ
သတိပေးနှိုးဆော်ချက်

ရန်ကုန်　　မတ်　　၃

၁။ **ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များအတွင်း ကြက်ငှက်သေဆုံးမှုဖြစ်စဉ်များနှင့် အရေးယူဆောင်ရွက်မှုများ-**

(က) ငှက်မြေကျသေဆုံးမှု

ရက်စွဲ	မြို့နယ်	သေဆုံးမှု ကောင်ရေ	အရေးယူဆောင်ရွက်မှု
၃-၃-၀၇	အင်းစိန်	ကျီးကန်း (၂)ကောင်	ရန်ကုန်တိရစ္ဆာန် ရောဂါရှာဖွေရေးဓာတ်ခွဲခန်း ပေးပို့စမ်းသပ်စစ်ဆေးရာ ကြက်ငှက်တုပ်ကွေးရောဂါပိုးဗိုင်းရပ်စ် မတွေ့ရှိရပါ။
၃-၃-၀၇	မင်္ဂလာဒုံ	ကျီးကန်း(၁)၊ ခို(၄)ကောင်	ခို(၄)ကောင်ပုပ်နေ၍ ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းတွင် စစ်ဆေးနိုင်ခြင်းမရှိပါ၊ ကျီးကန်း(၁)ကောင် စမ်းသပ်စစ်ဆေးရာ ကြက်ငှက်တုပ်ကွေးရောဂါပိုးဗိုင်းရပ်စ်မတွေ့ရှိရပါ။
၃-၃-၀၇	မရမ်းကုန်း	ကျီးကန်း (၂)ကောင်၊ ဇီးကွက် (၁)ကောင်	ရန်ကုန်တိရစ္ဆာန် ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၊ ပေးပို့စမ်းသပ်စစ်ဆေးရာ ကြက်ငှက်တုပ်ကွေးရောဂါပိုးဗိုင်းရပ်စ် မတွေ့ရှိရပါ။
၃-၃-၀၇	မင်္ဂလာတောင်ညွန့်	ကျီးကန်း (၁)ကောင်	ရန်ကုန်တိရစ္ဆာန် ရောဂါရှာဖွေရေးဓာတ်ခွဲခန်း ပေးပို့စမ်းသပ်စစ်ဆေးရာ ကြက်ငှက်တုပ်ကွေးရောဂါပိုးဗိုင်းရပ်စ် မတွေ့ရှိရပါ။
၃-၃-၀၇	စမ်းချောင်း	စာကလေး (၁)ကောင်	။

(ခ) ကြက်/ဘဲသေဆုံးမှု

ရက်စွဲ	မြို့နယ်	သေဆုံးမှုကောင်ရေ	အရေးယူဆောင်ရွက်မှု
၃-၃-၂၀၀၇	အင်းစိန်	(တိုင်းရင်းကြက်-၁၊ ဒေသဘဲ-၁)	ကြက်(၁)သွေးဝမ်းကျပိုးတွေ့ရှိ ဘဲ(၁)အီးကိုလိုင်နှင့်ဝမ်းကျပိုးတွေ့ရှိ ကြက်ငှက်တုပ်ကွေးရောဂါပိုးမတွေ့ရှိရပါ။

၂။ **ဖြစ်စဉ်အပေါ်သုံးသပ်ချက်**

(က) ရန်ကုန်တိုင်း မြို့နယ်များရှိ စီးပွားဖြစ်ကြက်ခြံများတွင် ၃-၃-၂၀၀၇ ရက်နေ့တွင် ထူးခြားစွာ ကြက်သေဆုံးမှုမရှိပါ။ ဒေသငှက်တိရစ္ဆာန်များဖြစ်သော ကျီးကန်း၊ ဇီးကွက်၊ ခို၊ စာကလေးအချို့ မြေကျသေဆုံးမှုရှိခဲ့ပြီး ရောဂါရှာဖွေစစ်ဆေးမှုအရ ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိပါ။

(ခ) ရန်ကုန်တိုင်းမြို့နယ်များရှိ ကြက်မွေးမြူရေးခြံများ၊ ရောဂါသံသယရှိ၍ သုတ်သင်ဖျက်ဆီးခဲ့သောခြံများတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း (DISINFECTION) ကို ဆောင်ရွက်ခဲ့ရာ၌ အသုံးပြုပိုးသတ်ဆေးများ အနေဖြင့် လူတွင်အန္တရာယ်ဖြစ်စေခြင်းမရှိသော်လည်း ငှက်တိရစ္ဆာန်များ ပိုးသတ်ဆေးရည်ပက်ဖျန်းထားသော အကြွင်းအကျန်ရေများ သောက်သုံးမိပါက မြေသို့ကျရောက်မှုများ ရှိနိုင်ပါကြောင်း သုံးသပ်ရရှိသည်။

၃။ **တိရစ္ဆာန်ကျန်းမာရေးသတိရှိရေး**

(က) ခွေး၊ ကြောင် မွေးမြူသူများအနေဖြင့် မိမိအိမ်၌ ကြက်၊ ငှက်၊ ကျီးကန်း၊ စာကလေး၊ ခိုနှင့် ငှက်ရိုင်းများ သေဆုံးပါက ခွေး၊ ကြောင်များ မစားမိစေရေး စီမံဆောင်ရွက်ရန်၊

(ခ) ကြက်မွေးမြူသူများအနေဖြင့် ရောဂါကြိုတင်ကာကွယ်တားဆီးရေးအစီအစဉ်အရ မွေးမြူရေးခြံများတွင် ပိုးသတ်ဆေး(DISINFECTANT) များကို သုံးစွဲရာတွင် အထွေထွေပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းအတွက် ရေတွင် ၀ ဒသမ ၅ရာခိုင်နှုန်းအချိုးအစားဖြင့် ရောနှောပြီး ဆေးဖျန်းရန်နှင့်ရောဂါကျရောက်ပါက ဗိုင်းရပ်စ်ပိုးသေစေရန်အတွက် ရေတွင် ၂ရာခိုင်နှုန်း အချိုးအစားဖြင့်ရောနှောပြီး ဆေးညွှန်းနှင့်အညီ ဆေးဖျန်းရန်၊ ပိုးသတ်ဆေး အပြင်းစား (CONCENTRATE) ကို တိုက်ရိုက်သုံးစွဲခြင်းမပြုရန်။

၄။ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ကြက်၊ ဘဲ၊ ငုံး မွေးမြူထုတ်လုပ်သူ၊ ပွဲပြင်သယ်ဆောင် ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်တားဆီး ထိန်းချုပ်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

ပေးအပ်လှူဒါန်း

ပြင်ဦးလွင်မြို့ သုမင်္ဂလာရပ်နေ မောင်ဇေယျာလင်း၏ မွေးနေ့အထိမ်းအမှတ် ဘိုးဘွားများအား အာဟာရကျွေးမွေးရန်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီး အတွက် ငွေကျပ် ၁၅၅၀၀၀ကို မိသားစုများက နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ရွှေလီ–မန်စံ–ရွှေစာရံ ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်း တည်ဆောက်ရေးနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့မြောက်ဘက် ၆၁ မိုင်အကွာတွင်တည်ရှိသော နမ့်ဟိုင်းကျေးရွာ ရွှေလီ–မန်စံ–ရွှေစာရံ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိသည်။

စီမံကိန်းရှင်းလင်းဆောင်တွင် ဝန်ကြီးနှင့် အဖွဲ့အား ဓာတ်အားပို့လွှတ်ရေး စီမံကိန်း (မြောက်ပိုင်း) စီမံကိန်းမန်နေဂျာ ဦးအောင်ကျော်ဦးက ရွှေလီ–မန်စံ–ရွှေစာရံ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းအရှည်သည် စုစုပေါင်းမိုင် ၁၈၀ ဖြစ်ပြီး ဓာတ်အားခွဲရုံ သုံးရုံ တည်ဆောက်ရမည် ဖြစ်ကြောင်း၊ ၎င်းတို့မှာ ရွှေလီဓာတ်အားခွဲရုံ၊ မန်စံဓာတ်အားခွဲရုံနှင့် ရွှေစာရံဓာတ်အားခွဲရုံတို့ဖြစ်ကြောင်း၊ အဆိုပါဓာတ်အားခွဲရုံသုံးရုံအနက် မန်စံဓာတ်အားခွဲရုံနှင့် ရွှေစာရံ ဓာတ်အားခွဲရုံတို့သည် တည်ဆောက်ဆဲဖြစ်ပြီး ကျန်ရွှေလီ ဓာတ်အားခွဲရုံမှာ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုတည်ဆောက် လုပ်ကိုင်လျက်ရှိသော ရွှေလီ–မန်စံ–ရွှေစာရံ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ရွှေလီဓာတ်အားခွဲရုံမှ မန်စံခွဲရုံအထိ ၅၉မိုင် ငါးဖာလုံရှည်လျားပြီး တာဝါတိုင်ပေါင်း ၃၂၃ တိုင် တပ်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြရာတွင် တာဝါတိုင်စိုက်ထူခြင်းမှာ ၃၂၃ တိုင် စိုက်ထူရန်ရှိပြီး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း။

ကြိုးဆွဲခြင်း လုပ်ငန်းအား မန်စံဓာတ်အားခွဲရုံမှ စတင်ပြီး ဓာတ်အားလိုင်းဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဓာတ်အားပို့လွှတ်ရေး စီမံကိန်း (တောင်ပိုင်း) ညွှန်ကြားရေးမှူး ဦးတင်ရွှေက ၂၃၀ ကေဗွီ ရွှေလီ–မန်စံ ရွှေစာရံ မဟာဓာတ်အားလိုင်း တည်ဆောက်မှုတွင် ရွှေလီ–ကျောက်မဲအပိုင်းနှင့် ကျောက်မဲ–ရွှေစာရံ အပိုင်းတို့အားနှစ်ပိုင်းခွဲ၍ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ချိတ်ဆက်အသုံးပြုရန်

ဝန်ကြီးက တင်ပြမှုအပေါ် အမှာစကားပြောကြားရာတွင် ရွှေလီလျှပ်စစ်ဓာတ်အားပေး စက်ရုံမှ ထွက်ရှိသော လျှပ်စစ်ဓာတ်အားကို ဓာတ်အားလိုင်းများ တည်ဆောက်ပြီးစီးပါက ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ကချင်ပြည်နယ်များသို့ လျှပ်စစ်ဓာတ်အား ပိုမိုပေးနိုင်မည်ဖြစ်ကြောင်းနှင့် မန္တလေးမြို့တွင် ၂၃၀ ကေဗွီ ရွှေစာရံ ဓာတ်အားခွဲရုံမှတစ်ဆင့် National Grid နှင့် ချိတ်ဆက်အသုံးပြုနိုင်စေရန် ရည်ရွယ်လျက် တည်ဆောက်ရခြင်းဖြစ်ကြောင်း။

အထောက်အကူပြု

“နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းကြီးများဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးမှသာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးရာရောက်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း တည်ဆောက်ပြီးစီးပါက နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ဒေသများပါ ဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားပြီး တောတောင်ဒေသများတွင် ပင်ပန်းဆင်းရဲစွာ မိမိတို့ လုပ်ဆောင်ရသည့် ၂၃၀ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်မှုကို တာဝန်ကျေပွန်စွာ ဆောင်ရွက်လျက်ရှိသော ဝန်ထမ်းများအား ချီးကျူးဂုဏ်ယူသောအားဖြင့် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာ ထောက်ပံ့ပစ္စည်းများအားပေးအပ်ရာ ဓာတ်အားလိုင်း တည်ဆောက်ရေး အင်ဂျင်နီယာမှူး ဦးရဲတိုးသွင်က လက်ခံယူသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဓာတ်အားလိုင်း တည်ဆောက်ရာတွင် အသုံးပြုဆောင်ရွက်လျက်ရှိသော ယာဉ်များနှင့် ဓာတ်အားလိုင်းသုံးပစ္စည်းများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်လျက်ရှိသော နမ့်ဟိုင်း ကျေးရွာအနီး တာဝါတိုင်အမှတ် ၁၅၀ တွင် လျှပ်စစ်ကျွမ်းကျင်လုပ်သားများ တာဝါတိုင်စိုက်ထူပြီး တာဝါတိုင် တပ်ဆင်ခြင်းလုပ်ငန်းဖြစ်သည့် ၆၃ ပေမြင့်သော တာဝါတိုင်ကြီးပေါ်သို့ လျှပ်စစ်ကျွမ်းကျင်လုပ်သားများ အနေဖြင့် (Arm) များ သယ်ဆောင်ပြီး သက်စွန့်ကြိုးပမ်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် တာဝန်ရှိသူများ ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် နမ္မတူမြို့နှင့် တစ်မိုင်ခန့်အကွာတွင် ရွှေလီ–မန်စံ ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်းသွယ်တန်းမည့် ၂၃၀ ကေဗွီ Twin Bundle Double Cricuit မဟာဓာတ်အားလိုင်းကြိုး အလှည့်အပြောင်းတိုင် (Traxisposition Tower)တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နမ္မတူမြို့အနီး နန်းတော်ကုန်းနေရာတွင် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း တည်ဆောက်မည့် တာဝါတိုင်များ စိုက်ထူပြီးစီးမှုကိုကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ၂၃၀ ကေဗွီ မန်စံ ဓာတ်အားခွဲစက်ရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံ ဧရိယာအတွင်း တည်ဆောက်ထားသည့် ဝန်ထမ်းအိမ်ရာ အိမ်ပုံစံအမျိုးအစားနှင့် တည်ဆောက်ပြီးစီးမှုများ ၂၃၀ ကေဗွီဓာတ်အားခွဲရုံ Control Room နှင့် Swith Yrad တည်ဆောက်မည့် လျာထားမြေနေရာအား ကြည့်ရှုစစ်ဆေးရာ ဓာတ်အားပို့လွှတ်ရေး စီမံကိန်းဌာန အင်ဂျင်နီယာချုပ် ဦးအေးသော်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးက ဓာတ်အားခွဲရုံသုံး ပစ္စည်းများ အချိန်မီရောက်ရှိရေးသည် အဓိကဖြစ်ကြောင်း၊ သတ်မှတ်ပုံစံအတိုင်း အရည်အသွေးမီ ဓာတ်အားခွဲရုံတစ်ရုံဖြစ်အောင် အမြန်ဆုံးတည်ဆောက်ရန် လိုအပ်ကြောင်းနှင့် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ အကောင်အထည်ဖော်သည့် ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းလုပ်ငန်းကို အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် စိုက်ထူနိုင်ရန် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာစိဏ္ဏကံစုဘုူး သိမ်ရေစက်ချမင်္ဂလာကျင်းပ

ရန်ကုန် မတ် ၃

ပရိယတ္တိသာသနာနုဂ္ဂဟ ဆန်လှူအသင်းကြီး(ရန်ကုန်)၏ အကြိမ်(၂၃၀) မြောက် အာစိဏ္ဏကံစုဘုူး သိမ်ရေစက်ချမင်္ဂလာကို မတ် ၂ ရက် (တပေါင်းလပြည့်နေ့) မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ ဦးမောင်ကလေး–ဒေါ်ကျုပ် တန်ဆောင်း၌ကျင်းပရာ မရမ်းကုန်းမြို့နယ် သိရောမဏိ ဝိဇ္ဇောတာရုံစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) ဘဒ္ဒန္တဝိဇ္ဇောတ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ အကျိုးတော်ဆောင်ချုပ် ဦးအေးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အလှူရှင်များက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်ကြကာ **(အပေါ်ပုံ)** ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြသည်။

(က–ပ)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် တစ်တပ်တစ်အားပါဝင် မြန်မာ့ဆေးသိပ္ပံပညာလောက အဆင့်မြင့်မားရေးကြိုးပမ်း

ရန်ကုန် မတ် ၃

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁ ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ဆေးပညာသင်ကြားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင့်မြင့်မားရေး ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ဆေးကုသဆောင်၊ ထိခိုက်ဒဏ်ရာ ခွဲစိတ် ကုသဆောင်၊ အထွေထွေ ခွဲစိတ် ကုသဆောင်၊ အထွေထွေ ကုသဆောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာနှင့် ပါမောက္ခဌာနမှူးများက လိုက်လံရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ရန်ကုန်ဆေးရုံကြီး သူနာပြုဆောင်ခန်းမ၌ အလုပ်သင်ဆရာဝန်များနှင့် တွေ့ဆုံမှာကြားရာတွင် အလုပ်သင်ဆရာဝန်များအနေဖြင့် လက်တွေ့ သင်ကြားမှု ကျွမ်းကျင်သည့် ပညာရှင်များဖြစ်ရန် ကြိုးစားကြရန်လိုအပ်ကြောင်း၊ မိမိတို့ တတ်မြောက်ထားသည့် ဆေးပညာဖြင့် ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက် ကြရန်လိုကြောင်း၊ မြန်မာ့ဆေးသိပ္ပံပညာလောက အဆင့်မြင့်မားရေးနှင့် နိုင်ငံ့ဝန်ထမ်းကောင်း တစ်ဦးဖြစ်ရန် ကြိုးပမ်းကြစေလိုကြောင်း၊ ဆေးပညာလောက၌ ကဏ္ဍအလိုက် အရေးပါသည့်အတွက် မိမိတာဝန်ကျရာ အခန်းကဏ္ဍတွင် တာဝန်ကို ကျေပွန်အောင် ထမ်းရွက်နိုင်သည့် ဆေးပညာရှင်များဖြစ်ရန် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များကလည်း အသီးသီး အမှာစကား ပြောကြားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငွေပေါ်ကျွန်း ဗုဒ္ဓဒူတတောင်စွန်း ရွှေတဂူ တရားစခန်းပွဲနှင့် ဗုဒ္ဓယဉ်ကျေးမှုသင်တန်း

ရန်ကုန် မတ် ၃

မိုးကုတ်ဆရာတော်ကြီး၊ မဟာစည်ဆရာတော်ကြီး၊ သဲအင်းဂူဆရာတော်ကြီး၊ လယ်တီဆရာတော်ကြီး၊ ဓမ္မဒူတ အရှင်ပညာဇောတ ဆရာတော်ကြီးများအား ကျေးဇူးပြု၊ ကျေးဇူးဆပ်သောအားဖြင့် သာသနာပြန့် သစ္စာအဓိဋ္ဌာန် သမထဝိပဿနာ တရားစခန်းပွဲကို (ပဌမအကြိမ်) မတ် ၁၈ ရက်မှ ၂၂ ရက်အထိ၊ (ဆဋ္ဌမ အကြိမ်) ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ၊ (သတ္တမအကြိမ်) ဧပြီ ၁၈ ရက်မှ ၂၂ ရက်အထိ၊ ဗုဒ္ဓယဉ်ကျေးမှု အခြေခံသင်တန်းကို မတ် ၂၄ ရက်မှ ဧပြီ ၆ ရက်အထိသင်ကြားပို့ချပေးမည်။ ဝိပဿနာတရားစခန်းများကို တစ်ရက်ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး ဓမ္မသဘင်ပွဲများ ပင့်ဆောင်နိုင်သည်။

ဆက်သွယ်လိုပါက ဦးငွေဟိန်း (ငွေပေါ်ကျွန်း) ဖုန်း၀၉–၅၁၈၀၈၁၁၊ ဦးစန္ဒိမာ (အောင်မင်္ဂလာ)လယ်တီစံကျောင်း ပုဇွန်တောင်၊ ဦးတင်ရီ ဖုန်း ၀၉–၅၁၃၇၄၅၅၊ ဆရာကြီး ဦးတင်ထွန်းငြိမ်း ဇင်္ဂမလမ်း သာကေတ၊ ဆရာကြီး ဦးအောင်သာငြိမ်း (၁၂/၁၁) ရပ်ကွက် မေတ္တာလမ်း တောင်ဥက္ကလာပ၊ မရီလှိုင် ဖုန်း–၅၇၁၂၃၈၊ ဦးအောင်ကြည် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး၊ ဝေဘာဂီမြို့သစ်)နှင့် ဒေါ်မြင့်မြင့်မော် (ဥက္ကဋ္ဌ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ဝေဘာဂီ)သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

ဆုချီးမြှင့်

မေဟွား အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မှ ကြီးမှူးကျင်းပသော အကြီးတန်း ဘိလိယက်ပြိုင်ပွဲတွင် အောင်ဒွေး လယ်/ဆည် (ပြင်ဦးလွင်)ကို အနိုင်ရ ဗိုလ်စွဲသွားသည့် အောင်ဆန်းဦး (ရန်ကုန်မြို့တော်စည်ပင်)အား မေဟွား အမှုဆောင်အဖွဲ့ဝင် ဦးအေးဝင်း ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

☆ ရှေ့ဖုံးမှ

တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်ပါကြောင်း၊ တမံအမြင့် ပေ ၁၅၀၊ အလျား ပေ ၁၁၈၀၀ ရှိ မြေသားတမံကို တည်ဆောက်လျက်ရှိပါကြောင်း၊ တမံ၏ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ခုနစ်သောင်းဖြစ်ပါကြောင်း၊ စိုက်ပျိုးမြေဧက တစ်သောင်းကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး မမြချောင်းဝဲ၊ ယာရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်းမှလည်း ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ ရေအားလျှပ်စစ် ကီလိုဝပ် ၅၀၀ လည်းထုတ်ယူရရှိမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး အကြိုတည်ဆောက်ခြင်းလုပ်ငန်း၊ ရေစိမ့်တားကွန်ကရစ်နံရံ တည်ဆောက်ခြင်းလုပ်ငန်း၊ ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင် တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း၊ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းများနှင့် လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးသည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

လမ်းညွှန်မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် မမြရေလှောင်တမံ စီမံကိန်းသည် စိုက်ပျိုးရေပေးဝေသည့်လုပ်ငန်းနှင့်အတူ အသေးစားရေအားလျှပ်စစ် လုပ်ငန်းပါ ပူးတွဲတည်ဆောက်ထားသည့် စီမံကိန်းဖြစ်ကြောင်း။

ယခုအခါ နိုင်ငံတော်၌ ဆည်တမံလုပ်ငန်းပေါင်း ၂၀၀ နီးပါးခန့်ကို တည်ဆောက်အကောင်အထည်ဖော်ခဲ့ပြီးဖြစ်၍ ဆည်တမံအမျိုးအစားမျိုးစုံကို ကျွမ်းကျွမ်းကျင်ကျင် တည်ဆောက်နိုင်အားရှိနေပြီဖြစ်ကြောင်း။

ထို့အတူ ရေအားလျှပ်စစ်စီမံကိန်းများ ပူးတွဲပါလျှင်လည်း မိမိကိုယ်တိုင်ဒီဇိုင်းဆွဲ၊ မိမိကိုယ်တိုင် တည်ဆောက်လုပ်ကိုင်နိုင်အား ရှိရမှာဖြစ်ကြောင်း။

လုပ်ကိုင်နိုင်စွမ်းရှိရမည်

အထူးသဖြင့် အသေးစားရေအားလျှပ်စစ်လုပ်ငန်းများကို တည်ဆောက်ရာ၌ ကိုယ်စွမ်းကိုယ်စဖြင့် ကိုယ်တိုင်လုပ်ကိုင်နိုင်စွမ်းရှိရမှာဖြစ်ကြောင်း။

သို့မှသာ ဆည်တမံလုပ်ငန်းရော၊ ရေအားလျှပ်စစ်လုပ်ငန်းပါ ကြန့်ကြာမှုမရှိ တစ်ပြိုင်တည်း တည်ဆောက်ပြီးစီးနိုင်ပြီး ပြည်သူများအနေဖြင့် မြန်မြန်အကျိုးကျေးဇူးခံစားရမှာဖြစ်ကြောင်း။

ထို့အပြင် မိမိတို့တည်ဆောက်ခဲ့သည့် ဆည်တမံများအနက် အချို့ဆည်တမံများမှာ နှစ်ကြာလာသည်နှင့်အမျှ ပြုပြင်မွမ်းမံ ထိန်းသိမ်းမှုလုပ်ငန်းများကို အချိန်မှန်မှန် အလေးထားလုပ်ကိုင်သွားရန် လိုအပ်နေပြီဖြစ်ကြောင်း။

ပုံမှန်ထိန်းသိမ်းပြုပြင်

ဆည်ရေသောက်စနစ်အချို့၌ ပြန်လည်ပြုပြင်ရမည့် အပိုင်းများကို သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် စစ်ဆေးကြပ်မတ်ကွပ်ကဲမှုများဖြင့် ပုံမှန်ထိန်းသိမ်း ပြုပြင်မွမ်းမံသွားကြရန်လိုကြောင်း။

ဧရာဝတီတိုင်းအတွင်းရှိ ဆည်ရေသောက်ဧရိယာများ၌ ဖြစ်ထွန်းအောင်မြင်နိုင်ပြီး ဝင်ငွေရရှိသည့် သီးနှံအမယ်သစ်များကို တိုးချဲ့စိုက်ပျိုးလာအောင်လည်း အားပေးသွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

ကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စီမံကိန်းရှင်းလင်းဆောင်မှနေ၍ မမြရေလှောင်တမံအတွင်း ရေထိန်းသိမ်းသိုလှောင်ထားနိုင်မှုများကို ကြည့်ရှုသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရေထိန်းမျှော်စင် တည်ဆောက်ပြီးစီးမှုများကို လည်းကောင်း၊ ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။ ရေပိုလွှဲတည်ဆောက်ပြီးစီးမှုအခြေအနေကိုလည်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မမြရေလှောင်တမံစီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၉)က တာဝန်ယူ တည်ဆောက်နေခြင်းဖြစ်ပြီး ယခုအခါ စီမံကိန်းလုပ်ငန်းများ ၉၀ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်သည်။ မမြရေလှောင်တမံစီမံကိန်း ပြီးစီးပါက စိုက်ပျိုးရေပေးဝေနိုင်မည်သာမက ကီလိုဝပ် ၂၅၀ တပ်ဆင်အင်အားရှိ စက်နှစ်လုံးဖြင့်လည်းကောင်း ရေအားလျှပ်စစ်ထုတ်ယူရရှိနိုင်မည်ဖြစ်သည်။

ကြည့်ရှု စစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ငဝန်တံတား(မြို့ကွင်း) တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ငဝန်တံတား(မြို့ကွင်း)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် ဟင်္သာတမြို့နယ်ရှိ ငဝန်တံတား(မြို့ကွင်း) တည်ဆောက်ရေးစီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ရှင်းလင်းတင်ပြရာ၌ လက်ရှိ ကားရောရထားပါ အသုံးပြုလျက်ရှိသည့် မြို့ကွင်းတံတားမှာ ၁၉၀၇ ခုနှစ်ကတည်းက အသုံးပြုခဲ့သည့် တံတားဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြောင်းလဲတိုးတက်လာသည့် ဝန်လေးမော်တော်ယာဉ်များ ဖြတ်သန်းအသုံးပြုနိုင်ရေးအတွက် ငဝန်တံတား(မြို့ကွင်း) တံတားအသစ်တစ်စင်းကို တည်ဆောက်ရခြင်းဖြစ်ပါကြောင်း၊ ဗိုလ်ချုပ်မှူးကြီး၏ လမ်းညွှန်ချက်နှင့်အညီ တန် ၆၀ ခံနိုင်ဝန်ရှိသည့် တံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ပင်မတံတားတည်ဆောက်ခြင်းလုပ်ငန်း၊ ဟင်္သာတဘက်ကမ်းနှင့် အင်္ဂပူဘက်

ရာခိုင်နှုန်းပြည့်နီးပါးပြီးစီးနေပြီဖြစ်သော ဖျာပုံတံတားကို တွေ့ရစဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်း
ဝင်ငွေရရှိသ

ရှင်းလင်း တင်ပြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ငဝန်တံတား(မြို့ကွင်း) တည်ဆောက်ရေး စီမံကိန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ကမ်း ချဉ်းကပ်တံတားတည်ဆောက်ခြင်းလုပ်
အနေများကို ဆက်လက်ရှင်းလင်းတင်ပြသ

ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယ
ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူ
ဧရာဝတီတိုင်းအတွင်းရှိ လမ်း၊ တံတားမျာ
အသုံးပြုနိုင်မှုအခြေအနေများကို ရှင်းလင်းတ

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာ
ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦ
စီမံကိန်းများ၌ သံပေါင်များ ထုတ်လုပ်ဖြည့်
တင်ပြသည်။

အဓိကအရေးပါ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍
မှာကြားလမ်းညွှန်ရာတွင် **ဤငဝန်တံတား(မြို့**
အင်္ဂပူ–မြန်အောင်လမ်းပေါ်၌ရှိသော တံတာ
မြို့ရွာအများစုကို ဖြတ်သန်းဆက်သွယ်သည့်
အရ၊ လူမှုရေးအရ အဓိကအရေးပါသဖြင့် သွား
ဤတံတားသစ်ကို တည်ဆောက်ပေးခြင်းဖြ

ဤလမ်းပေါ်ရှိ အခြားတံတားဟောင်းမျာ
ပြုပြင်ဆောင်ရွက်သွားရမှာဖြစ်သကဲ့သို့ လမ်း
အောင် စီမံချက်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အဆ
မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေန
ဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်
တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစ

ဤငဝန်တံတား(မြို့ကွင်း)သည် ဇလွန်–ဟင်္သာတ–အင်္ဂပူ–မြန်အောင် လမ်းပေါ်၌ရှိသော တံတားဖြစ်၊ ဤလမ်းသည် မြို့ရွာအများစုကို ဖြတ်သန်းဆက်သွယ်သည့် အတွင်းလမ်းဖြစ်ပြီး စီးပွားရေးအရ၊ လူမှုရေးအရ အဓိကအရေးပါသဖြင့် သွားလာမှု သွက်လက်မြန်ဆန်စေရန် ဤတံတားသစ်ကို တည်ဆောက်ပေးခြင်းဖြစ်။

ဤလမ်းပေါ်ရှိ အခြားတံတားဟောင်းများကိုလည်း တိုးတက်ခိုင်ခံ့အောင် ပြုပြင်ဆောင်ရွက်သွားရမှာဖြစ်သကဲ့သို့ လမ်းကိုလည်း တိုးတက်ကောင်းမွန်အောင် စီမံချက်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အဆင့်မြှင့်သွားရန်ဖြစ်။

ဧရာဝတီတိုင်းအတွင်းရှိ ဆည်ရေသောက်ရေယာများ၌ ဖြစ်ထွန်းအောင်မြင်နိုင်ပြီး ဝင်ငွေရရှိသည့် သီးနှံအမယ်သစ်များကို တိုးချဲ့စိုက်ပျိုးလာအောင် အားပေး

ရှင်းလင်း တင်ပြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ငဝန်တံတား(မြို့ကွင်း) တည်ဆောက်ရေး စီမံကိန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ကမ်း ချဉ်းကပ်တံတားတည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ငန်းပြီးစီးမှုအခြေအနေများကို ဆက်လက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့က ဧရာဝတီတိုင်းအတွင်းရှိ လမ်း၊ တံတားများအခြေအနေနှင့် ပြည်သူများ အသုံးပြုနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက တံတားတည်ဆောက်ရေး စီမံကိန်းများ၌ သံပေါင်များ ထုတ်လုပ်ဖြည့်ဆည်းပေးမှုများကို ရှင်းလင်းတင်ပြသည်။

အဓိကအရေးပါ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မှာကြားလမ်းညွှန်ရာတွင် **ဤငဝန်တံတား(မြို့ကွင်း)သည် ဇလွန်–ဟသ်ာတ–အင်္ဂပူ–မြန်အောင်လမ်းပေါ်၌ရှိသော တံတားဖြစ်ကြောင်း၊ ဤလမ်းသည် မြို့ရွာအများစုကို ဖြတ်သန်းဆက်သွယ်သည့် အတွင်းလမ်းဖြစ်ပြီး စီးပွားရေးအရ၊ လူမှုရေးအရ အဓိကအရေးပါသဖြင့် သွားလာမှု သွက်လက်မြန်ဆန်စေရန် ဤတံတားသစ်ကို တည်ဆောက်ပေးခြင်းဖြစ်ကြောင်း။**

ဤလမ်းပေါ်ရှိ အခြားတံတားဟောင်းများကိုလည်း တိုးတက်ခိုင်ခံ့အောင် ပြုပြင်ဆောင်ရွက်သွားရမှာဖြစ်သကဲ့သို့ လမ်းကိုလည်း တိုးတက်ကောင်းမွန်အောင် စီမံချက်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အဆင့်မြှင့်သွားရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဟသ်ာတဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပင်မတံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ငဝန်တံတား(မြို့ကွင်း)၌ ဟသ်ာတဘက်ကမ်း ချဉ်းကပ်တံတားမှာ ပေ ၉၆၀၊ အင်္ဂပူဘက်ကမ်း ချဉ်းကပ်တံတားမှာပေ ၈၄၀၊ ပင်မတံတားမှာ ၁၀၃၅ပေ၊ စုစုပေါင်းတံတားအရှည် ၂၈၃၅ ပေရှိမည့် တံတားဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေရှိ နှစ်လမ်းသွားတံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။

တံတားအမျိုးအစားအနေဖြင့် ပင်မတံတားမှာ ကြိုးတင်အားဖြည့် သံကူကွန်ကရစ်ရက်မ+သံပေါင်+သံကူကွန်ကရစ် တံတားဖြစ်ပြီး ချဉ်းကပ်တံတားများမှာ သံကူကွန်ကရစ်တံတား အမျိုးအစားများဖြစ်သည်။

ငဝန်မြစ်ကူး ငဝန်တံတား(မြို့ကွင်း)ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၄)က တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။

ဟသ်ာတမြို့ ဖွံ့ဖြိုးမှုကြည့်ရှု

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ငဝန်တံတား(မြို့ကွင်း) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီး ဟသ်ာတမြို့သို့ ရောက်ရှိကြ၍ ဟသ်ာတမြို့ ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဖျာပုံတံတား

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲတွင် ဖျာပုံမြို့ (၁)ရပ်ကွက်နှင့် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာအကြား ဖျာပုံမြစ်ကိုဖြတ်၍ တည်ဆောက်လျက်ရှိသည့် ဖျာပုံတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆယ်က ဖျာပုံတံတား တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ ဖျာပုံဘက်ကမ်းနှင့် ဒေးဒရဲဘက်ကမ်း ချဉ်းကပ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တံတားကြီး ရေရှည်ကြံ့ခိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားပြီး ရှင်းလင်းဆောင်မှနေ၍ ဖျာပုံတံတားကြီးကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် တံတားကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြပြီး ဖျာပုံမြို့ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း လှည့်လည်ကြည့်ရှုကြသည်။

ဖျာပုံတံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၇)က တာဝန်ယူတည်ဆောက်ခဲ့ရာ ယခုအခါ ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်။

ဤတံတားကြီးပြီးစီးပါက ဖျာပုံမှ ဒေးဒရဲ၊ ကွမ်းခြံကုန်း၊ ဒလလမ်းအတိုင်း ရန်ကုန်မြို့သို့ လွယ်ကူမြန်ဆန်စွာ သွားလာနိုင်မှာဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဖျာပုံတံတားနှင့် ဖျာပုံမြို့တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။

(သတင်းစဉ်)

အကယ်ဒမီရွှေစင်ရုပ်ဆု ချီးမြှင့်ပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် မတ် ၃

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၅ ခုနှစ်အတွက် အကယ်ဒမီရွှေစင်ရုပ်ဆု ချီးမြှင့်ပွဲအခမ်းအနားကို မတ် ၅ ရက် ညနေ ၆ နာရီတွင် နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်က ယင်းနေ့ ညနေ ၅ နာရီမှစတင်၍ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာသာယာယာ

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

၂၀၀၇ခုနှစ် မတ်လ ၃ ရက်နေ့ မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက်
ယနေ့နံနက် ၀၉း၃၀ နာရီအချိန်ထိ
မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီ အတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့်သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် ဖြစ်မြဲထက် ၃ ဒီဂရီစင်တီဂရိတ်၊ တနင်္သာရီတိုင်းတွင် ဖြစ်မြဲထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဖြစ်မြဲအောက် ၅ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့တွင် ၀ဒသမ ၂၄လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

၂၀၀၇ ခုနှစ်မတ်လ ၄ ရက်နေ့ ညနေထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိပြီး ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။



အင်တာနက် အာကာသသိပ္ပံသတင်း

ပနားမားတွင် ဥက္ကာခဲတွေ့ရှိ

ပနားမားစီးတီး မတ် ၃

ပနားမားနိုင်ငံ ပနားမားစီးတီးမြို့၏ အနောက်ပိုင်း ရိုင်ရိုဟာတိုကမ်းခြေဒေသတွင် ကောင်းကင်မှကျလာသော ဥက္ကာခဲတစ်ခဲကို ပနားမားဘူမိဗေဒပညာရှင်များက တွေ့ရှိခဲ့ကြသည်။

ယင်းဥက္ကာခဲသည် ရိုင်ရိုဟာတိုကမ်းခြေ သဲသောင်ပြင်ပေါ်သို့ ဖေဖော်ဝါရီ ၂၃ရက်က ကျလာခြင်းဖြစ်ကြောင်း ဘူမိဗေဒပညာရှင် ယွန်ဒီဒီယို့စ်ဗီလာက သတင်းသမားများကို ဖေဖော်ဝါရီ ၂၈ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ထိုဥက္ကာခဲသည် အနီရောင်ရှိကာ အလေးချိန် ၄ဒသမ ၂ကီလိုဂရမ်လေးပြီး အချင်း စင်တီမီတာ၂၀ရှိသည်။ ယင်းဥက္ကာခဲ၏ဖွဲ့စည်းမှုအနေအထားကိုသိရှိရန် ဓာတ်မှန်ရောင်ခြည်ပေး၍ စမ်းသပ်သွားမည်ဖြစ်သည်ဟု အမျိုးသားသယံဇာတ ညွှန်ကြားမှုဦးစီးဌာနအကြီးအကဲ ဗီလာကပြောကြားသည်။

အဆိုပါဥက္ကာခဲ လေထုကိုဖြတ်၍ သဲသောင်ပြင်ပေါ်သို့ကျလာသည်ကို ကမ်းခြေစောင့်တပ်ဖွဲ့ဝင်တစ်ဦးက တွေ့ရှိခဲ့သည်ဟုဆိုသည်။

များသောအားဖြင့် ဥက္ကာခဲများတွင် သံဓာတ်အများအပြားပါဝင်သည်ကိုတွေ့ရသော်လည်း ယခုဥက္ကာခဲတွင် ကာဗွန်ပါဝင်မှုများပြားဖွယ်ရာရှိသည့် လက္ခဏာကို တွေ့မြင်ရသည်ဟုဆိုသည်။ ***အင်တာနက်***

မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် M-9 ရှိ ရှာဖွေရေးတွင်း ကာကောဏ္ဏ(၁)ကို တွေ့ရစဉ်။ (စွမ်းအင်)

*** မုတ္တမကမ်းလွန်ဒေသမှ**

ထုတ်လုပ်မှုကို အမြန်ဆုံးစတင်နိုင်ရေး၊ M-9 မှ ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့ကို ပြည်တွင်းသုံးစွဲရေးတို့အတွက် လုပ်ငန်းစဉ်များကို အဆင့်အလိုက် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီး၊ PTTEP ကုမ္ပဏီနှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များသည် ဆက်လက်ဆောင်ရွက်သွားရမည့် အစီအစဉ်များကို အသေးစိတ်ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးက မုတ္တမကမ်းလွန်တွင်းတူးစင်၌ တာဝန်ထမ်းဆောင်နေကြသော မြန်မာအမျိုးသား ဝန်ထမ်းများနှင့် နိုင်ငံခြားသားဝန်ထမ်းများအား သစ်သီးခြင်းလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးသည် တွင်းတူးစင်ပေါ်သို့ သွားရောက်ပြီး လုပ်ကွက်အမှတ် M-9 ရှာဖွေရေးတွင်း ကာကောဏ္ဏ(၁)၏ သဘာဝဓာတ်ငွေ့ မီးရှို့စမ်းသပ်မှုကို ထုတ်လုပ်ရေး Valve ကို ဖွင့်ပြီး အောင်မြင်စွာ မီးရှို့စမ်းသပ်ပေးသည်။

စမ်းသပ်တွေ့ရှိ

အဆိုပါ လုပ်ကွက် M-9 အတွင်း၌ အစမ်းတွင်း ကာကောဏ္ဏ(၁)ကို ဖေဖော်ဝါရီ ၇ ရက်တွင် တွင်းတူးစက် Doo Sung ဖြင့် တူးဖော်ခဲ့ရာ ဖေဖော်ဝါရီ ၂၁ ရက်တွင် အနက်ပေ ၁၁၁၂၆ ပေသို့ ရောက်ရှိခဲ့ပြီး စမ်းသပ်မှုများအရ အနက် ၃၄၈၇ ပေနှင့် ၃၅၀၆ ပေအကြား၊ အနက် ပေ ၃၅၁၀ နှင့် ပေ ၃၅၂၀ အကြားတို့တွင်ရှိသည့် သဲကြောများ၌ စီးပွားဖြစ် သဘာဝဓာတ်ငွေ့ ခိုအောင်းနေကြောင်း စမ်းသပ်တွေ့ရှိရသည်။

ယခုနှစ် ပွင့်လင်းရာသီအတွင်း လုပ်ကွက်အမှတ် M-9 ၌ ရှာဖွေရေးတွင်းများဖြစ်သည့် ဇောတိက(၁)၊ ယောသကနှင့် ကာကောဏ္ဏ(၁) စုစုပေါင်း သုံးတွင်းကို တူးဖော်စမ်းသပ်ခဲ့ရာ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်ကို တွေ့ရှိနေပြီဖြစ်သည်။

စမ်းသပ်သွားမည်

တူးဖော်ပြီး စမ်းသပ်ရရှိထားသည့် သဘာဝဓာတ်ငွေ့သိုက် ပမာဏကို ခိုင်မာအောင်နှင့် သဘာဝဓာတ်ငွေ့ အလားအလာကောင်းများကို ထပ်မံတိုးတက်တွေ့ရှိအောင် ဆက်လက်တူးဖော် စမ်းသပ်သွားမည်ဖြစ်သည်။

ယခုတူးဖော်ပြီးစီးသည့် ကာကောဏ္ဏ(၁) ရှာဖွေရေးတွင်းမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ၂၁ ကုဗပေသန်းကို ထုတ်လုပ်နိုင်ကြောင်း စမ်းသပ်တွေ့ရှိရသည်။

လုပ်ကွက်အမှတ် M-9 အတွင်း နောက်ထပ်ရှာဖွေရေးတွင်း Exploration Well (၁)တွင်းနှင့် အကဲဖြတ်တွင်း Apprisal Well (၄)တွင်းကို ၂၀၀၇ ခုနှစ် ဇူလိုင်လအတွင်း အပြီးတူးဖော်စမ်းသပ်သွားမည်ဖြစ်ပြီး ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့များကို နိုင်ငံတော်အတွက် အကျိုးအများဆုံးရရှိစေမည့် နည်းလမ်းများကို စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စီမံချက်ချမှတ်ပြီး အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

● NLD ပါတီမှ

မိုင်းဖြတ်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲနှင့် လယ်ဝေးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲတို့သို့ ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီ၏ လုပ်ရပ်များအပေါ် စိတ်ပါဝင်စားမှု မရှိတော့သဖြင့်လည်းကောင်း၊ ပါတီနိုင်ငံရေးကို ဆက်လက်လုပ်ဆောင်လိုသည့် ဆန္ဒမရှိတော့သဖြင့်လည်းကောင်း၊ NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှု မရှိတော့သဖြင့်လည်းကောင်း ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက္ကသိုလ်နှင့် ကောလိပ်များ စစ်ဆေး သင်ကြားရေးနှင့် စီမံခန့်ခွဲရေးကိစ္စများ ဖြည့်ဆည်း မှာကြား

ရန်ကုန် မတ် ၃

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ပါမောက္ခ ဌာနမှူးများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပါမောက္ခချုပ် ဒေါက်တာဦးဝင်းက သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ၊ သုတေသနဆိုင်ရာကိစ္စရပ်များ၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များနှင့် e-Library အဆင့်မြှင့်တင်ရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပါမောက္ခ ဌာနမှူးများက ဘာသာရပ်ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက တက္ကသိုလ်အနေဖြင့် အဆင့်တိုးတက်လာစေရန်နှင့် ဘာသာရပ်ဌာနအလိုက် အဆင့်တိုးတက်လာစေရန် လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရေး၊ နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ရေး၊ ဘာသာရပ်ဌာနများ ပေါင်းစပ် သုတေသနပြုလုပ်ရေး၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာထားရှိအသုံးပြုရေး၊ စိမ်းလန်းစိုပြည်ရေး၊ လုံခြုံရေးနှင့် သန့်ရှင်းသပ်ရပ်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ ရက္ခဗေဒနှင့် ရူပဗေဒ လက်တွေ့ခန်းများ၌ လက်တွေ့ လုပ်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်သို့ ရောက်ရှိပြီး အဆိုပါ ကောလိပ်က ဖွင့်လှစ်ပို့ချလျက်ရှိသော ကွန်ပျူတာဒီပလိုမာ သင်တန်းများတွင် စာတွေ့ လက်တွေ့ သင်ကြား သင်ယူနေသည်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးက ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံပြီး သင်ကြားရေး၊ စီမံခန့်ခွဲရေးများနှင့် စပ်လျဉ်း၍ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် အဖွဲ့သည် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိပြီး ရူပဗေဒစာသင်ခန်းမ၌ ဘာသာရပ်အသီးသီးမှ ပါရဂူဘွဲ့ရ ဆရာများနှင့် တွေ့ဆုံ၍ သုတေသန လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပညာရေးနည်းပညာ အထူးသင်တန်း အမှတ်စဉ်(၂) သင်တန်းသား၊ သင်တန်းသူများ သင်တန်းတက်ရောက်နေမှု အခြေအနေကို စာသင်ခန်းများသို့ လှည့်လည်စစ်ဆေးပြီး သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုဘိုင်းလ်တယ်လီဖုန်းများအတွက် မြန်မာစာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မတ် ၃

MySM Mobile application ကို ဒေသအလိုက် အရောင်းကိုယ်စားလှယ်များ ပေးအပ်ခြင်းနှင့် မိုဘိုင်းလ်ဆက်သွယ်ရေးဆိုင်ရာ စီးပွားရေးအခွင့်အလမ်းများ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ Mobilemate Telecommunications Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာကျော်ထူးလင်း၊ စီမံကိန်းမန်နေဂျာ ဒေါက်တာကျော်နန္ဒ၊ မိုဘိုင်းလ် စီးပွားရေးလုပ်ငန်းရှင်များနှင့် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် Mobilemate Telecommunications Co., Ltd မှ ဈေးကွက်မန်နေဂျာ ဦးကျော်ဇေယျထွန်းက ဂျီအက်စ်အမ်တယ်လီဖုန်းများတွင် အသုံးပြုနိုင်သော MySM application အကြောင်းနှင့် မိုဘိုင်းလ်ဆက်သွယ်ရေးစနစ်တွင် မြန်မာစာကို အသုံးပြုပြီး လုပ်ကိုင်နိုင်သည့် စီးပွားရေးလုပ်ငန်းများနှင့် အခွင့်အလမ်းများအကြောင်းကို လည်းကောင်း၊ Technomation Studios မှ Software Architect ဦးထူးမြင့်နောင်က MySM application တည်ဆောက်ထားပုံ၊ အသုံးပြုပုံနှင့် အခြားနည်းပညာဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ Mobilemate Telecommunications Co., Ltd မှ မန်နေဂျာ ဦးမင်းလှတာက MySM ကို မြန်မာနိုင်ငံတွင် တယ်လီဖုန်းသုံးစွဲသူများထံ အရောက်ပေးပို့မည့် အစီအစဉ်များ၊ နိုင်ငံရပ်ခြားနေ မြန်မာလူမျိုးများ MySM ကို အင်တာနက်မှတစ်ဆင့် ရယူအသုံးပြုနိုင်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက MySM နှင့်ပတ်သက်၍ မရှင်းလင်းသည်များ၊ အခြားသိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

MySMသည် မိုဘိုင်းလ်ဆက်သွယ်ရေးစနစ်တွင် မြန်မာစာကို အသုံးပြုနိုင်စေရန် တီထွင်ထား သည့် ဆော့ဖ်ဝဲဖြစ်သည်။ ၎င်းကို ပြီးခဲ့သည့် ၂၀၀၆ ခုနှစ် အောက်တိုဘာလတွင် အောင်မြင်စွာ တီထွင်နိုင်ခဲ့ပြီး မန္တလေးတိုင်းကွန်ပျူတာလုပ်ငန်းရှင်အသင်းက ဦးစီးကျင်းပသည့် ပထမအကြိမ် ကွန်ပျူတာဆော့ဖ်ဝဲ နည်းပညာပြပွဲ(မန္တလေး)၌ ပါဝင်ပြသခဲ့သည်။ ယခု အလုပ်ရုံဆွေးနွေးပွဲတွင် MySM ကို မြန်မာနိုင်ငံအတွင်း ဂျီအက်စ်အမ် မိုဘိုင်းလ်ဖုန်း အသုံးပြုရာဒေသတိုင်း၌ ဝယ်ယူအသုံးပြုနိုင်စေရန် ကိုယ်စားလှယ်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

MySMကို ဂျီအက်စ်အမ် တယ်လီဖုန်း သုံးစွဲသူတိုင်း ဝယ်ယူအသုံးပြုနိုင်ပြီဖြစ်ရာ MySM နှင့် ပတ်သက်၍ သိလိုသည်များကို www.mysmonline. com တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး ဝယ်ယူလိုသူများနှင့် ကိုယ်စားလှယ် ရယူရောင်းချလိုသူများအနေဖြင့် Mobilemate Telecommunications Co., Ltd အမှတ် (၄၀၂/စီ) ဒဂုံစင်တာ မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၅၁၄၃၂၄၊ ၅၂၄၆၁၁ e-mail; mobilemate@ myanmar. com. mmသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

MySM Mobile application ကို ဒေသအလိုက် အရောင်းကိုယ်စားလှယ်များ ပေးအပ်ခြင်းနှင့် မိုဘိုင်းလ်ဆက်သွယ်ရေးဆိုင်ရာ စီးပွားရေး အခွင့်အလမ်းများ အလုပ်ရုံဆွေးနွေးပွဲတွင် ဈေးကွက်မန်နေဂျာ ဦးကျော်ဇေယျထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror ပြည်တွင်းသတင်းမှတ်စု

တံတားပြင်ဆင်ထိန်းသိမ်းမှု မင်းကင်း၌ စစ်ဆေး

၂၀၀၆-၂၀၀၇ ခုနှစ် ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြတံတား သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း၊ ဘောလုံးကွင်းအဝင်တံတားဆောင်ရွက်မှု လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို အမှုဆောင်အရာရှိ ဦးကျော်ထင်မောင်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းသိန်းတို့ ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

အိုင်ပေါင်းချောင်ကျေးရွာ စက်ရေတွင်းတူးဖော်

စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟို စည်းရုံးရေးကော်မတီမှ လှူဒါန်းသော အိုင်ပေါင်းချောင်ကျေးရွာ နှစ်လက်မ စက်ရေတွင်း တူးဖော်မှုလုပ်ငန်းကို မြို့နယ်စည်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်ဝင်းတို့ ဖေဖော်ဝါရီ ၂၇ ရက်က ကြည့်ရှုစစ်ဆေးကြသည်။

အလက(၂) ဗဟာန်း အာစရိယပူဇော်ပွဲ

ဗဟာန်းမြို့နယ် အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ် (၁၉၄၇-၂၀၀၇)နှင့် အာစရိယပူဇော်ပွဲကို ဧပြီလလယ်၌ ကျင်းပမည်ဖြစ်၍ ၁၉၉၀-၂၀၀၇ ခုနှစ်အတွင်း ကျောင်းသူ၊ ကျောင်းသားဟောင်းများသည် ဦးရန်အောင်မိုး ဖုန်း- ၅၅၄၁၀၀-ခွဲ(၂၉၇)၊ ဒေါ်ဇွန်သဲစု ဖုန်း- ၅၅၆၃၇၆၊ ဒေါ်ချောကေခိုင် ဖုန်း- ၅၅၆၆၇၁၊ ဦးဖြိုးဝေဇင် ဖုန်း- ၅၅၅၈၄၈၊ ဒေါ်၎ဝါကျော် ဖုန်း- ၅၄၉၀၄၁ နှင့် ဒေါ်ချမ်းမြရွှေခြူ ဖုန်း- ၅၄၃၈၉၉ တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဘရူနိုင်းဘုရင့်ဖလား လူငယ်ဖိုက်ခေါ်ဘောလုံးပွဲ မြန်မာက ဖိလစ်ပိုင်ကို ခြေစွမ်းပြ ဂိုးပြတ်အနိုင်ရ

ရန်ကုန် မတ် ၃

၂၀၀၇ ခုနှစ် တတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလားအသက်(၂၁)နှစ်အောက် လူငယ်ဖိုက်ခေါ်ဘောလုံးပြိုင်ပွဲ Hassanal Bolkiah Trophy for U-21 ASEAN Youth Football Championship 2007 ကို ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘာဂဝမ်မြို့ Berakas Sports Complex၌ စတင်ကျင်းပရာ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းက ပွဲဦးထွက်ဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲ၏(ခ)အုပ်စုမှ မြန်မာလူငယ်ဘောလုံးအသင်းနှင့် ဖိလစ်ပိုင်လူငယ်ဘောလုံးအသင်းတို့ ပွဲဦးထွက်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရာ မြန်မာလူငယ်ဘောလုံးအသင်းက ကိုးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဦးဆောင်ကစား

မြန်မာလူငယ် ဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း သုံးမိနစ်တွင် လှအေးထွေးက ပထမဂိုးနှင့် ၁၂ မိနစ်တွင် လှအေးထွေးကပင် ဒုတိယဂိုးကို လည်းကောင်း၊ ၂၅ မိနစ်တွင် စည်သူသန်းက တတိယဂိုးနှင့် ၃၂ မိနစ်တွင် ထူးကျော်က စတုတ္ထဂိုးကို လည်းကောင်း အသီးသီးသွင်းယူကြပြီး ပထမပိုင်းအပြီးတွင် မြန်မာလူငယ်ဘောလုံးအသင်းက လေးဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဒုတိယပိုင်းပြန်လည်ကစားရာ ပွဲချိန် ၄၇မိနစ်တွင် ဖိလစ်ပိုင်လူငယ်ဘောလုံးအသင်းက ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သည်။

အနိုင်ရရှိ

ပွဲချိန်မိနစ် ၆၀ တွင် မြန်မာလူငယ်ဘောလုံးအသင်းမှ ရာဇာဝင်းသိန်းက ပဉ္စမဂိုးကိုလည်းကောင်း၊ ၆၅မိနစ်တွင် စည်သူသန်းက ဆဋ္ဌမဂိုး၊ ၇၂ မိနစ်တွင် ဇော်ထက်အောင်က သတ္တမဂိုး၊ ၈၆မိနစ်တွင် ပြည့်ဖြိုးဦးက အဋ္ဌမဂိုးနှင့်ပွဲကစားချိန်မိနစ် ၉၀တွင် ရဲဝေယံစိုးက နဝမဂိုးကို လည်းကောင်း အသီးသီးသွင်းယူခဲ့ပြီး ပြိုင်ပွဲအပြီးတွင် မြန်မာလူငယ်ဘောလုံးအသင်းက ကိုးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဒုတိယပွဲစဉ်

မတ် ၅ ရက် ဒေသစံတော်ချိန် ည ၈နာရီတွင် (ခ)အုပ်စု ဒုတိယပွဲစဉ်အဖြစ် မြန်မာလူငယ် ဘောလုံးအသင်းနှင့် ကမ္ဘောဒီးယားလူငယ် ဘောလုံးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂရင်းရွိုင်ရယ် ဂေါက်သီးရိုက်ပြိုင်ပွဲ လက်ရည်စစ်ပြိုင်ပွဲဖွင့်ပွဲ လှဝင်းဦးဆောင်နေ

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိကကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယလက်ရည်စစ်ပြိုင်ပွဲ (Grand Royal Special Reserve Third Qualify Round) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် မော်လမြိုင်မြို့ရှိ ငန်းတေးဂေါက်ကလပ်၌ကျင်းပရာ လှဝင်းက Nett Total ၇၀ ဖြင့် ဖွင့်ပွဲနေ့ ပြိုင်ပွဲတွင် ဦးဆောင်ကစားလျက်ရှိသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင် Amateur Golfers များသည် တီခုံ(၁) TEE-1 st၌ နေရာယူကြပြီး အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးမျိုးအောင်ဌေး၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း၊ MPGA နှင့် MGFအမှုဆောင် ဦးကိုကိုလေးနှင့် IBTCမှ Design And Development ဒါရိုက်တာ ဦးတင့်ဦးတို့က အလှည့်ကျ ဂေါက်သီးရိုက်ပြီးပြိုင်ပွဲကို ဖွင့်လှစ်ပေးကြကာ ပထမနေ့(၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့၁၈ကျင်း ပြိုင်ပွဲအပြီးတွင် Amateur Golfers ပြိုင်ပွဲတွင် လှဝင်းက Nett Total ၇၀ ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ စိုးဦး၊ ဇာလီ၊ ကျော်သူရ၊ စိုးဝင်းအောင်၊ စိုးလွင်နှင့် မျိုးဝင်းတို့က Nett Total၇၁ချက်စီဖြင့် ဒုတိယလိုက်နေကြပြီး ဇော်နိုင်၊ ဇော်ဝင်းနှင့် စိုးနိုင်တို့က Nett Total ၇၂ချက်စီဖြင့် တတိယ လိုက်နေကြသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ International Beverages Trading Co., Ltd. ဖြစ်၍ Co- Sponsors များအဖြစ် Air Mandalay၊ Hotel Nikko၊ Srixonနှင့် Alpine တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြပြီး တတိယလက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Managementက တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

မတ် ၄ ရက် နံနက် ၈ နာရီတွင် ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေစာရံ ကေအမ်ဂေါက်သီးရိုက်ပြိုင်ပွဲ မတ် ၈ ရက်မှ ၁၁ ရက်အထိကျင်းပမည်

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် Shwe Sar Yan KM Golf Open Championship 2007 ပြိုင်ပွဲကို မတ် ၈ရက်မှ ၁၁ရက်အထိ မန္တလေးမြို့ ရွှေစာရံဂေါက်ကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional Golfersအဆင့်ပြိုင်ပွဲ၊ အမျိုးသား အပျော်တမ်းအဆင့်ပြိုင်ပွဲဟူ၍ ခွဲခြားကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် KM Golf Centre က တာဝန်ယူဆောင်ရွက်ပေး၍ Mandalay Golf Association မှ ပူးပေါင်းကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော ဂေါက်သီးအားကစားသမားများသည် မတ် ၇ ရက် မွန်းလွဲ ၁ နာရီ နောက်ဆုံးထား၍ ဖုန်း- ၀၂-၃၆၀၀၈၊ ၀၈၅-၄၀၀၈၀၊ ၀၁-၂၀၂၀၈၃ တို့သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး အထူးအစီအစဉ်ဖြင့် ရွှေစာရံဂေါက်ကွင်း ရှုခင်းအလှ ဓာတ်ပုံပြိုင်ပွဲကိုလည်း တစ်ပြိုင်တည်းကျင်းပပေးမည်ဖြစ်ကြောင်းသိရသည်။

(ကြေးမုံ)

မီးသုံးစွဲလျှင် အသိယှဉ်ဆင်ခြင်သတိ အမြဲရှိ

အင်တာနက် အားကစားသတင်းများ

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ မန်ယူက လီဗာပူးကိုအနိုင်ရ

မတ် ၃ ရက်က အန်းဖီးလ်ကွင်းတွင် ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် လီဗာပူးအသင်းမှ စတီဗ်ဖင်နန် (၆) နှင့် မန်ချက်စတာယူနိုက်တက်အသင်းမှ ပက်ထရစ်အီဗရာတို့ ဘောလုံးယှဉ်လုကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် မတ် ၃

အင်္ဂလိပ် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို ယနေ့ကျင်းပရာ မန်ချက်စတာယူနိုက်တက်အသင်းက လီဗာပူးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မန်ချက်စတာယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ထိခိုက်ဒဏ်ရာရ အစားဖြည့်အချိန်ပိုတွင် ဂျွန်အိုရှီးယားက သွင်းပေးခဲ့သည်။ အိုရှီးယားသည် ပွဲချိန်၇၃မိနစ်တွင် ဝိန်းရူနီ၏နေရာသို့ လူစားဝင်လာသူဖြစ်သည်။

အမှတ်မထင်ဂိုးသွင်း

ယခုပွဲတွင် လီဗာပူးအသင်းက တစ်ချိန်လုံး စိုးမိုးထားနိုင်ခဲ့သော်လည်း ပွဲချိန် ၉၂ မိနစ်တွင် ရှိုင်ယန်ဂစ်ကန်သွင်းသော ပြစ်ဒဏ်ဘောလုံးပြန်ထွက်လာရာ အိုရှီးယားက အမှတ်မထင် ပိတ်သွင်းလိုက်ခြင်း ဖြစ်သည်။ ပွဲချိန် ၆၉ မိနစ်တွင် လီဗာပူးအသင်းမှ ဘယ်လာမီ၏နေရာတွင် ရီနန့်က အစားထိုးကစားခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ယခုပွဲအပြီးတွင် ချယ်လ်ဆီးအသင်းကို ၁၂မှတ်အသာဖြင့် ထိပ်ဆုံး၌ ဆက်လက်ရပ်တည်နေသည်။

ပွဲချိန် ၈၆ မိနစ်တွင် မန်ချက်စတာယူနိုက်တက်အသင်းမှ ပေါလ်စခိုးလ် ထုတ်ပယ်ခံခဲ့ရသည်။ ၎င်းသည် ဇာဘီအလွန်ဆိုကို ကြမ်းကြမ်းတမ်းတမ်းပြုမှုသဖြင့် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။ ***အင်တာနက်***

အာဆင်နယ်မှ ဖက်ဘရီဂက်စ် စပိန်သို့ပြန်သွားလိုသည်ဟုဆို

လန်ဒန် မတ် ၃

မိမိသည် စပိန်အသင်းသို့ ပြန်သွားလိုသည်ဟု အာဆင်နယ်ကွင်းလယ် ကစားသမား ဖက်ဘရီဂတ်စ်က ယနေ့ပြောကြားလိုက်သည်။ ဖက်ဘရီဂက်စ်သည် အင်္ဂလန်ရှိထိပ်တန်းအသင်းများတွင် ပါဝင်သောအာဆင်နယ်အသင်းနှင့် ခုနစ်နှစ်သက်တမ်းရှိ ကန်ထရိုက်သဘောတူညီချက်တစ်ရပ်ကို မကြာသေးမီကမှ လက်မှတ်ရေးထိုးခဲ့သူဖြစ်သည်။

မိမိသည် အာဆင်နယ်အသင်းတွင် မွေ့လျော်မှုရှိကြောင်း၊ သို့ရာတွင် လာမည့် နှစ်နှစ်အတွင်းဖြစ်ပေါ်လာနိုင်သည့် အပြောင်းအလဲများကို ကြိုတင်ဟောကိန်းမထုတ်နိုင်ကြောင်း၊ မိမိ၏ချစ်သူမှာ စပိန်တွင်ကျန်ရှိနေခဲ့သဖြင့် မိခင်နိုင်ငံသို့ ပြန်သွားလိုကြောင်း ဖက်ဘရီဂက်စ်က The Sun သတင်းစာသို့ ပြောကြားသည်။

အင်တာနက်

၂၀၁၄ ခုနှစ်အထိ

စပိန်လူမျိုး ဖက်ဘရီဂက်စ်သည် ဘာစီလိုနာဘောလုံးသမားဟောင်းဖြစ်ပြီး အသက် (၁၉) နှစ်သာ ရှိသေးသည်။ ၎င်းနှင့်အာဆင်နယ်အသင်းတို့ ချုပ်ဆိုခဲ့သော ကန်ထရိုက်စာချုပ်အရ ယင်းအသင်းတွင် ၂၀၁၄ ခုနှစ်အထိ ဘောလုံးကစားရမည်ဖြစ်သည်။



အာဆင်နယ်အသင်းမှ စပိန်လူမျိုး ကွင်းလယ်ကစားသမား ဖက်ဘရီဂက်စ်။ (ဓာတ်ပုံ-အင်တာနက်)

မန်ယူတိုက်စစ်မှူးဆိုးလ်ရှား ဒူးခေါင်းဒဏ်ရာရရှိထား

မန်ချက်စတာ မတ် ၃

မန်ချက်စတာယူနိုက်တက်အသင်း၏ တိုက်စစ်မှူး အိုလီဂန်နာဆိုးလ်ရှားသည် ဒူးခေါင်းထိခိုက်ဒဏ်ရာရရှိထားသဖြင့် ယခုလအတွင်းကျင်းပသည့် ဘောလုံးပွဲစဉ်အများစုတွင် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း ယနေ့အင်တာနက်သတင်း၌ဖော်ပြသည်။

အသက်(၃၄)နှစ်အရွယ်ရှိ နော်ဝေလူမျိုး လက်ရွေးစင်ဘောလုံးသမားတစ်ဦးလည်းဖြစ်သူ ဆိုးလ်ရှားသည် ဒူးခေါင်းဆိုင်ရာ ဝေဒနာအရ ကာလအတန်ကြာမျှ အရန်ဘောလုံးသမားအဖြစ်သာရှိနေခဲ့ရပြီး လက်ရှိဘောလုံးရာသီတွင်မှ အင်ပြည့်အားပြည့် ပြန်လည်ကစားခြင်းဖြစ်သည်။

၁၀ ဂိုး သွင်းပေးခဲ့

ဆိုးလ်ရှားသည် လက်ရှိဘောလုံးရာသီတွင် ၁၀ဂိုးသွင်းပေးခဲ့သည်။ ၎င်းသည် လာမည့်ရက်သတ္တပတ်တွင် လိုင်လီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲတွင် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း၊ အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ၌ မစ်ဒယ်ဘရော့အသင်းနှင့်ကစားရမည့်ပွဲတွင်လည်း ၎င်းပါဝင်မည်မဟုတ်ကြောင်း မတ်၃၁ရက်တွင် ဘလက်ဘန်းရိုဗာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲတွင်မှ ၎င်းပါဝင်မည်ဖြစ်ကြောင်း မန်ယူအသင်းမန်နေဂျာ ဖာဂူဆန်က ပြောကြားသည်။ ***အင်တာနက်***

မန္တလေးမြို့ ၈၄ × ၈၅ကြား၊ ၂၇ × ၂၈ကြားရှိ တစ်ထပ်လျှင် စတုရန်းပေ (၁၅၀၀၀၀) ကျယ်ဝန်းသော မန်းမြန်မာဈေးချိုပလာဇာကြီး ဖွင့်လှစ်တော့မည်ဖြစ်ပါသဖြင့် သတင်းကောင်းတစ်ရပ်အဖြစ် ရန်ကုန်မြို့ရှိ စီးပွားရေးလုပ်ငန်းရှင်ကြီးများအား အထူးဖိတ်ကြားအပ်ပါသည်။

လူကြီးမင်းတို့၏ အဆင့်မြင့်ပရိဘောဂ (Furniture) ပစ္စည်းများ၊ နိုင်ငံခြားဖြစ် ပရိဘောဂမျိုးစုံရောင်းချသူများကို သုံးစွဲသူအများဆုံးနှင့် ထိတွေ့နိုင်သည့် အဆင့်မြင့်ဈေးချိုပလာဇာကြီး၏ ကျယ်ဝန်းသော မြေအောက်ထပ်တွင် ပရိဘောဂဇုန် (Furniture Zone)၊ ပလတ်စတစ်ပစ္စည်းဇုန် (Plastic Zone)၊ ဆေးဝါးပစ္စည်းဇုန် (Medicine Zone)၊ လျှပ်စစ်ပစ္စည်းဇုန် (Electronic Zone) များ၊ Mini Market များ၊ အားကစားပစ္စည်းအရောင်းဆိုင်များ၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းဆိုင်များကို ဇုန်များခွဲခြားသတ်မှတ်ပြီး ချိုသာသောနှုန်းထားဖြင့် ငှားရမ်း/ဝယ်ယူဖွင့်လှစ်နိုင်ရန် အစီအစဉ်ရှိပါသဖြင့် မန်းမြန်မာပလာဇာကြီးသို့ လာရောက်ကြည့်ရှုပါရန် နွေးထွေးစွာ ဖိတ်ခေါ်အပ်ပါသည်။

မိမိတို့ရောင်းချမည့်ပစ္စည်းများကို မိမိဆိုင်အရောက် အတင်/အချပြုလုပ်နိုင်ရန်အတွက် ကျယ်ဝန်းသော ကားပတ်လမ်းများ၊ ကားတက်/ဆင်းလမ်းများကို စီစဉ်ထားပါသည်။

အသေးစိတ်သိလိုပါက အမှတ်(၄၆)၊ ၈၄-၂၅လမ်းထောင့်၊ မန်းမြန်မာဆောက်လုပ်ရေးရုံးခန်း ဖုန်း ၀၂-၆၅၇၂၇၊ ၀၉၂၀၀၀၃၁၇၊ ၈၄ × ၂၇ လမ်းထောင့်၊ မန်းမြန်မာပလာဇာရုံးခန်း၊ ဖုန်း ၀၂-၆၆၁၁၅။

သဃ်န်းကျွန်းမြို့နယ် ဇိနမာရ်အောင် စေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားတွင် အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ဘွဲ့တံဆိပ်တော်ရ ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၇)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံရသည့် ဆရာတော်ကြီးလေးပါးအား ဂုဏ်ပြုပူဇော်ပွဲ (ဂုဏပူဇာသဘင်)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကြားတောရလမ်းရှိ တိပိဋက ဓမ္မရက္ခိတ ဗိမာန်တော်ကြီး၌ ခရမ်းမြို့နယ်အသင်း (ရန်ကုန်)က ဦးစီး၍ ကျင်းပသည်။

ရှေးဦးစွာ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မြသိန်းတန်ကျောင်း ဆရာတော် ဘဒ္ဒန္တ သောဘနထံမှ ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ခရမ်းမြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးသန်းလွင်က ဂုဏ်ပြုပူဇော်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားပြီး ဂုဏ်ပြုခံ ဆရာတော်ကြီးလေးပါး၏ ထေရုပ္ပတ္တိစာတမ်းများကို ခရမ်းမြို့နယ်အသင်း (ရန်ကုန်) တာဝန်ရှိသူများက ဖတ်ကြားပူဇော်ကြသည်။

ယင်းနောက် ဘွဲ့ရဆရာတော်ကြီးများအား အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုပူဇော်လွှာနှင့် လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းကြကာ ခရမ်းမြို့ ကိုင်းကုန်း ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ မြသိန်းတန်ကျောင်း ဆရာတော် ဘဒ္ဒန္တ သောဘနထံ ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးသန်းလွင် ဂုဏ်ပြုပူဇော်လွှာနှင့် လှူဖွယ်ဝတ္ထု ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဇိနမာရ်အောင်စေတီတော်မြတ်ကြီး ရွှေထီးတော်တင်မင်္ဂလာကျင်းပ

ရန်ကုန် မတ် ၃

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်ရှိ ဇိနမာရ်အောင် စေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါ စေတီတော်မြတ်ကြီး၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ အမှူးပြုသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် မိသားစု၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဇိနမာရ်အောင် စေတီတော် ဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာမိုးတင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

တင်လှူပူဇော်

ယင်းနောက် မင်္ဂလာအချိန်တွင် ဌာနဆိုင်ရာအကြီးအကဲများက ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြပြီး အလှူရှင်များက အရံစေတီ ထီးတော်များကို သတ်မှတ်နေရာ အသီးသီးတွင် တစ်ပြိုင်တည်း တင်လှူပူဇော်ကြကာ ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများဆောက်လုပ်ရန်အတွက် မော်လမြိုင်ကျွန်း (၁၄)လမ်းနေ ကွယ်လွန်သူမိဘများဖြစ်သော ဦးမောင်ကြီး-ဒေါ်သောင်းနှင့် အစ်မများဖြစ်သော ဒေါ်စိန်မြင့်၊ ဒေါ်ခင်ရီ၊ ဒေါ်နုနုယဉ်တို့အား ရည်စူး၍ ဦးသိန်းဇော်-ဒေါ်သန်းသန်းမြင့်၊ သမီး-မရီမွန်အောင်၊ မစုမွန်အောင် မိသားစုတို့က အလှူတော်ငွေကျပ် ၁၅၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၇)ရပ်ကွက် (၁၆) လမ်းနေ ဦးပါ-ဒေါ်ဘေဘီညွန့်၊ သမီး-ဆုယဉ်မင်း၊ ဖူးပွင့်သင်း၊ သင်းအိစံမိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တီ-နီ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

စက်မှုလက်မှုအထက(၂)ရန်ကုန်(ဘောင်ဒရီ) ဒုတိယအကြိမ် မြတ်ဆရာပူဇော်မည်

ရန်ကုန် မတ် ၃

စက်မှုလက်မှုအထက်တန်းကျောင်းအမှတ်(၂) ရန်ကုန်(ဘောင်ဒရီ) THS (2) တွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမများအား ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၅ ရက် နံနက် ၁၀ နာရီ၌ ဒဂုံမြို့နယ် မြို့မကျောင်းလမ်း ဒက္ခိဏာရာမ ပရိယတ္တိစာသင်တိုက်တွင် ကျင်းပမည်ဖြစ်သည်။

ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အကြံဉာဏ်နှင့် အလှူငွေထည့်ဝင်လိုသူများ ဆရာဦးတင်ဝင်း (ဓာတု-သချာ်)ဖုန်း-၅၀၂၅၇၂၊ ကိုမောင်မောင်အေး(74 EP) ဖုန်း ၀၉-၅၁၂၆၆၆၅၊ ကိုနေအောင် (76EP) ဖုန်း ၀၉-၅၁၀၆၁၆၂၊ ကိုရဲမြင့် (71EP) ဖုန်း ၅၂၄၁၉၇၊ ကိုဝင်းချို (72V) ဖုန်း ၀၉-၈၀၃၃၅၅၄၊ ကိုခင်ဆွေ (73R) ဖုန်း ၀၉-၅၁၆၇၄၆၀၊ ကိုကျော်မြင့် (90R) ဖုန်း ၀၉-၅၁၁၅၃၂၉ တို့ထံ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပရိဘောဂပြပွဲတက်ရောက်ရန် စင်ကာပူနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဦးမျိုးသက်သည် မတ် ၁ ရက်မှ ၅ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပမည့် International Furniture Fair Singapore 2007 နှင့် ASEAN Furniture Show ဖွင့်ပွဲသို့ ဖိတ်ကြားချက်အရ တက်ရောက်ရန်အတွက် ဖေဖော်ဝါရီ ၂၈ ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးနေထွန်းမင်းနှင့် ဗဟိုအလုပ်အမှုဆောင် ဦးအောင်နိုင်ဦးတို့က ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာနှင့် ဆွမ်းစားကျောင်းရေစက်ချမည်

ရန်ကုန် မတ် ၃

အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂံတောင်ကျေးရွာ အုဋ္ဌဖိုကျောင်း ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယက (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) ဘဒ္ဒန္တ ခေမိန္ဒအား ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ၊ဆရာတော်ကြီး၏ (၇၅)နှစ်မြောက် စိန်ရတုဝိဇာတ မွေးနေ့မင်္ဂလာနှင့် စုပေါင်းလှူဒါန်းထားသော ဆွမ်းစားကျောင်းတော်ကြီး ရေစက်ချမင်္ဂလာတို့ကို တပေါင်းလပြည့်ကျော် ၅ ရက် (ဗုဒ္ဓဟူးနေ့) တွင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က–ပ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ (ရွှေသီဂီရိတနာ ဓမ္မာရုံ၊ ၉၈၊ ရွှေဘုံသာလမ်း–အောက်၊ ပန်းဘဲတန်းမြို့နယ်) သို့ ဦးခင်မောင်ဆွေ ဆောက်လုပ်ရေး အထူးအဖွဲ့(၂)ထံမှ ပေးပို့ လှူဒါန်းငွေကျပ် ၁၀၀၀၀၀ ကို တွဲဖက်ဘဏ္ဍာရေးမှူး ဦးခင်မောင်သန်း လက်ခံယူစဉ်။ (က–ပ)

ကြံတိုင်းအောင်စေတီ ထီးတော်တင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၃

မွန်ပြည်နယ် ကျိုက်မရောမြို့(အတ္တရံမြို့သစ်) မေတ္တာကမ္မဋ္ဌာန်းကျောင်းတွင် တည်ထားကိုးကွယ်သည့် ကြံတိုင်းအောင်ပြည်လုံးချမ်းသာကပ်ကျော်စေတီတော်မြတ် ထီးတော်တင်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားကို ၁၃၆၈ ခုနှစ် တန်ခူးလပြည့်နေ့ (ဧပြီ ၁ ရက်)တွင် ကျင်းပမည်ဖြစ်၍ ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြည်ညိုဖူးမြော်ကြရန် မေတ္တာကမ္မဋ္ဌာန်းကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တဦးဝိစက္ခဏက ဖိတ်ကြားထားကြောင်းနှင့် ထီးတော်တင်ပွဲအတွက် လှူဒါန်းလိုသူများသည် ဦးထွန်းရှင် ဖုန်း–၀၅၇–၂၄၃၉၅နှင့် ဦးခင်အောင် ဖုန်း–၀၁–၇၀၅၈၁၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် တာမွေမြို့နယ် မလွှကုန်းဒွေးကြွယ်(က)ရပ်ကွက် ဓမ္မဒါနလမ်းနေ အဘွားဒေါ်အုန်းမြင့်(၇၂)နှစ်ပြည့်မွေးနေ့အတွက် ဒေါ်အုန်းမြင့်နှင့်သားသမီးမြေးတစ်စုက ငွေကျပ် ၁၁၀၀၀၀ကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျေးဇူးဆပ်ပါမည်

၂–၃–၂၀၀၇ရက် နံနက်၇နာရီ မိနစ်၂၀ ခန့်တွင်သန်လျင်မှရန်ကုန်သို့သွားသော ဘီအမ်ကားပေါ်တွင် ခရီးသည်တစ်ဦးထံ၌ စာရွက်စာတမ်းများ ထည့်ထားသော အပြာရောင် ပလတ်စတစ်အိတ်တစ်လုံး အပ်နှံထားခဲ့ရာ အဆိုပါခရီးသည်ထံတွင် မေ့ကျန်ခဲ့ပါသည်။ ဤကြော်ငြာကိုတွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပါရန်။

ကိုလင်းလင်း
ဖုန်း–၅၅၃၁၈၈–လိုင်းခွဲ(၂၉၇)
ဖုန်း–၅၄၇၃၁၆

နေပြည်တော်လမ်းညွှန် (The Map of Naypyitaw)

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ နေပြည်တော်အတွင်းရှိ ရုံးများ၊ အိမ်ရာများ၊ အဆင့်မြင့်ဈေးများ၊ မြို့မဈေး၊ သပြေကုန်းဈေး၊ အဝေးပြေးယာဉ်ရပ်နားစခန်းများ၊ ဟိုတယ်များ၊ ဘဏ်များ၊ အဆင့်မြင့်ဂေါက်ကွင်းများနှင့်ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များ၏ အချက်အချာကျသောနေရာများ ဖော်ပြထားသည့် နေပြည်တော်လမ်းညွှန်မြေပုံစာအုပ်အား ၁၅–၂–၂၀၀၇ ရက်နေ့မှစ၍ ထုတ်ဝေရောင်းချနေပြီဖြစ်ပါသည်။ နေပြည်တော် လမ်းညွှန်မြေပုံစာအုပ် (The Map of Naypyitaw) စာအုပ်တစ်အုပ်လျှင် ၂၅၀၀/–နှုန်းဖြင့် အောက်ပါဌာနများတွင် ဆက်သွယ်မှာယူနိုင်ပါသည်–

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ကော်မတီရုံး – ၀၆၇–၄၁၄၅၉၂၊
စီမံရေးရာဌာန – ၀၆၇–၄၁၄၂၈၉။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ

၁။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၂/ဂျီ–၁)၊ မြေကွက်အမှတ် $\left(\frac{၄၃၈–V^{ခ}}{၁–A^{ခ–၂}}\right)$ ၊ မြေအကျယ်(၀.၁၁၁၃၈)ဧကဂရန်ရှိ ဂရန်မြေမျိုး မြေအမည်ပေါက်သူ ဒေါ်နှင်းဇော်ဝင်း (စွန့်လွှတ်စာချုပ်အမှတ်–၂၆၁၇/ ၂၀၀၂ အရ ပိုင်ဆိုင်သူ) မြေကွက်တည်ရာလိပ်စာ အမှတ်–၆၃/က၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်ဟု ခေါ်တွင်သည့် နေရာ၌တည်ရှိသည့် မြေကွက်အလွတ်၊ ပါဝါမီတာ၊ လျှပ်စစ်မီတာ၊ အဝီစိတွင်း စွဲကပ်တည်ရှိ အကျိုးခံစားခွင့်များကို ဒေါ်နှင်းဇော်ဝင်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ် – ၁၄၃၉/၉၃ ဖြင့် ရရှိထားသည့် ဦးဇော်ဝင်း CE ၀၅၅၁၀၃၊ [၁၂/ဗဟန (နိုင်)၀၀၇၂၆၄] ထံမှ တစ်ဆင့်ဝယ်ယူထားသူ ဦးမင်းလွင် [၁၂/တမန(နိုင်) ၀၄၄၇၃၉]က ၎င်း၌ ရောင်းချပိုင်ခွင့်ရှိကြောင်း စာရွက်စာတမ်းအထောက်အထားအစုံအလင်ပြသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေမှဝယ်ယူရန် မြေကွက်တန်ဖိုး တစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။ ဤမြေကွက်လွတ်အရောင်းအဝယ်နှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်၊ အမွေသက်ဆိုင်ခွင့်ရှိသောကြောင့် ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း အထောက်အထားစုံလင်စွာဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–
ဦးလှမြင့်(ဒဂုံ)စဉ်–၉၀၁၂၊(အထက်တန်းရှေ့နေ)
အမှတ်(၂၆၃)၊ (၃–လွှာ)၊ ဗားဂရာလမ်း၊စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း–၅၃၄၃၆၉

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်ရဲဇော်သူ [၁၂/မဂတ(နိုင်) ၀၇၀၉၀၀]သည် မိဘများအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဖခင် ဦးကျင်ဝက်
[၁၂/မဂတ(နိုင်)၀၇၁၂၉၇]
မိခင် ဒေါ်တင်အေး
[၁၂/မဂတ(နိုင်)၀၅၂၁၅၇]

ထိုက်တန်စွာကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဇော်ထွန်းအောင် [၁၄/မအပ(နိုင်)၀၀၁၁၈၈] ကိုင်ဆောင်သော ဘဏ်စာအုပ်နှင့်ဆန်းသစ်ဟိန်းကုမ္ပဏီပိုင် စာရွက် စာတမ်းများ ထည့်ထားသောအိတ်မှာ တောင်ဥက္ကလာပမြို့နယ် အနော်မာလမ်းတွင် ၁–၃–၂၀၀၇နေ့တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း– ၅၇၀၆၈၁
၀၉ ၅၁၄၇၂၆၄

တောင်ဥက္ကလာပမြို့နယ် အမှတ်(၂၆) အခြေခံပညာမူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကို မတ် ၂ ရက်က ကျင်းပရာ ငါးနှစ်ဆက်တိုက် ပထမဆုရ မသင်းသီရိဗိုလ်အား ကျောင်းအုပ်ဆရာကြီး ဦးခင်မောင် ဆုချီးမြှင့်စဉ်။ (ပညာရေး)



လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ဒေါ်မြင့်မြင့်ကြည် (ညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ အတွင်းရေးမှူး စစ်ကိုင်းဝါးချက် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးကြပ်ထောက်ပံ့ရေး၊ အောက်မြန်မာပြည်)အား ၂၀၀၇ခုနှစ် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှချီးမြှင့်သော စီမံထူးချွန်တတိယဆင့် ဘွဲ့ထူးအပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဒေါ်ခင်ညွှန့်ဝေ(မန္တလေး)၊ ဒေါ်ခင်မေ(ရန်ကုန်)၊ ဒေါ်လေးလွင်(ရန်ကုန်)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

မြစ်ကြီးနားမြို့ ရှမ်းစုရပ်နေ၊ (ဦးမောင်မောင်ကလေး) (ကချင်ပြည်နယ်တရားသူကြီး) + (ဒေါ်ရင်မေ)၊ မန္တလေးမြို့ ၆၅–လမ်း၊ သိရိရိပ်သာ(၂)နေ ဦးဘသိန်း+ဒေါ်ကြည်ကြည်စိန် (မြင့်ကြည်ကုမ္ပဏီ)တို့၏မြေး၊ ရန်ကုန်မြို့ (၉)မိုင်၊ သိရိရိပ်သာကွန်ဒိုနေ ဒေါက်တာ ဦးဝင်းစိန် (သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး)+ ဒေါ်မူမူသိန်း @Rosie (ရုက္ခဗေဒဌာန–ငြိမ်း) တို့၏သားကြီး

မောင်ကျော်ဆန်းဝင်း

3rd Year, Computer Engineering
Midas Institute of Technology, K. L (Malaysia)
(Director, Miracle Travels & Tours)

နှင့်

မြိတ်မြို့နေ၊ (ဦးစိုးယာ+ဒေါ်အုန်းကြည်)(ဦးအံမာ)+ဒေါ်ဟစ် တို့၏မြေး
မြိတ်မြို့ ဗိုလ်ချုပ်လမ်းနေ ဦးဝင်းလွင်+ဒေါ်ဝါရှင်တို့၏သမီးကြီး

ဒေါက်တာသူသူဝင်းလွင် M.B.,B.S (Ygn)
(လက်ထောက်ဆရာဝန်၊ မြောက်ဥက္ကလာပဆေးရုံကြီး)

တို့၏ ၈.၂.၂၀၀၇ ရက်(ကြာသပတေးနေ့)တွင်၊ သိရိရိပ်သာကွန်ဒို၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ်၊ ညွှန်ကြားရေးမှူး ဦးမြင့်အောင်အားလည်းကောင်း၊ ၁၈.၂.၂၀၀၇ (တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ballroom) ၌ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော အငြိမ်းစားဝန်ကြီးချုပ် သူရဦးထွန်းတင်၏ဇနီးဒေါ်မြင့်မြင့်သိန်းအားလည်းကောင်း၊ ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၏ဇနီး ဒေါ်မူမူဝင်းနှင့် မိသားစုအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ချီးမြှင့်ဆင်မြန်းပေးပါသော အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်စိုးတင့်နှင့်ဇနီးဒေါ်ခင်ကြည်အားလည်းကောင်း၊မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ အထူးကုဆရာဝန်ကြီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး သီချင်းသီဆိုပေးသောထပ်ဆင့်အကယ်ဒမီဒေါ်ချိုပြုံးနှင့် တေးသံသာဖျော်ဖြေပေးသော စန္ဒရားဒေါက်တာသိန်းမြင့်သန်းအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မအိအိဝင်းလွင်နှင့်မထက်နန္ဒာအောင်၊မင်္ဂလာပန်းကုံး ကိုင်ဆောင်ပေးသော မဝေဝေခိုင်နှင့် မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မပွင့်ဖြူစိုး၊သတို့သားအရံ ကိုနေဦးအောင်၊ ဒေါက်တာမျိုးထက်ကိုနှင့် သတို့သမီးအရံမမေဦးမောင်၊မခင်ရတနာထွန်းထွန်း တို့အားလည်းကောင်း၊မိတ်ကပ်နှင့် ဆံပင်အလှပြုပြင်ပေးသောပွင့်နှင့်အဖွဲ့၊ အခမ်းအနားပန်းအလှပြင်ကိုမြင့်သိန်းအုန်းနှင့် ကိုလုလု၊ မှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့် အဖွဲ့၊ Sedona Hotel မှမန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရန် အဘက်ဘက်မှ ကူညီပေးကြသောဆွေမျိုးမိတ်သင်္ဂဟ အပေါင်းနှင့် ကျေးဇူးတင်ထိုက်သူ အားလုံးတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ဆန်းဝင်း+ဒေါက်တာသူသူဝင်းလွင်

"Bring the best to your child during this Summer!"

- အင်္ဂလိပ်စာအထူးပြုသင်ကြားမှု
- ကွန်ပျူတာသင်ခန်းစာ
- ကျိုးကြောင်းဆင်ခြင်တွေးခေါ်တတ်မှုစွမ်းရည်
- ခေါင်းဆောင်နိုင်မှုစွမ်းရည်
- နိုင်ငံတကာအဆင့် Camp များ
- ပန်းချီ အနုပညာ တေးဂီတနှင့် အက
- အားကစားလှုပ်ရှားမှုများ
- ပြည်တွင်း ပြည်ပလေ့လာရေးခရီးများ

For ages 3 years and above

Tel: 296552 293754
526456 557448 ext 849
524599 501976

TOTAL SUMMER SCHOOL

between March through May 2007

ကျောင်းအပ်လက်ခံနေပါပြီ။

TOTAL Learning Academy
TOTAL Kids School
Scientific Learning

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ လေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး စစ်ကြောင်းကြီးများ စစ်ရေးပြလေ့ကျင့်မှု၊ စစ်ကြောင်းတပ်ခွဲများ၏ တည်းခိုဆောင်များ၊ စားရိပ်သာ၊ မီးဖိုဆောင်များနှင့် ဆက်သွယ်ရေးစခန်းမှ ပြကွက်များ၊ စာဖတ်ခန်းများ စစ်ဆေး

နေပြည်တော် မတ် ၃

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရွာတော်ရှိ စစ်ကြောင်းကြီးများ တည်းခိုရေးစခန်းသို့ ရောက်ရှိလာပြီး ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်း၊ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင်နှင့် စစ်ကြောင်းမှူးကြီးများ လိုက်ပါလျက် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြလေ့ကျင့်မှုများကိုလည်းကောင်း၊ စစ်ကြောင်းတပ်ခွဲများ၏ တည်းခိုဆောင်များ၊ စားရိပ်သာ၊ မီးဖိုဆောင်များနှင့် ဆက်သွယ်ရေးစခန်းမှ ပြကွက်နှင့် စာဖတ်ခန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် စစ်ကြောင်းမှူးကြီး ဗိုလ်မှူးကြီးအောင်ကြီး ဦးဆောင်သည့် အနော်ရထာ စစ်ကြောင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် စစ်ကြောင်းကြီးများကို ဆက်လက်ကြည့်ရှုစစ်ဆေးပြီး စားရိပ်သာ၊ အိပ်ဆောင်များနှင့် မီးဖိုဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ဆက်ဆံရေးစခန်းက ခင်းကျင်းပြသထားသည့် နိုင်ငံတော်ဦးတည်ချက် (၁၂)ရပ်နှင့်အညီ ရေးဆွဲထားသော ပန်းချီကားများ၊ ဖွံ့ဖြိုးဝေစည်မြန်မာပြည်၊ မြဝတီရဲ့ အလှပန်းချီ၊ တိုးတက်ခေတ်မီ မြန်ပြည်သစ်ဆီသို့၊ သက်စွန့်ဆောင်ရွက် ပြည်သူ့အတွက် စသည့် ပန်းချီပြကွက်၊ ဆောင်ပုဒ်များ၊ ဓာတ်ပုံမှတ်တမ်းများ၊ ကဗျာများ စသည်တို့၏ ပြခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

မုတ္တမကမ်းလွန်ဒေသ ကာကောဏ္ဏ(၁)တွင်း တူးဖော်စမ်းသပ် တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၂၁ သန်း ထုတ်လုပ်နိုင်

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် M-9 ရှိ ရှာဖွေရေးတွင်းအမှတ် ကာကောဏ္ဏ (၁)၏ သဘာဝဓာတ်ငွေ့တွင်း တူးဖော်စမ်းသပ်မှုထုတ်လုပ်ရေး Valve အား ဖွင့်လှစ်ပေးစဉ်။ (စွမ်းအင်)

ရန်ကုန် မတ် ၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ထိုင်းနိုင်ငံ PTTEP ကုမ္ပဏီမှ President, Mr. Marrot Mrigadat၊ PTT ကုမ္ပဏီမှ Executive Vice President, Dr. Chitrapongse နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ ရက်တွင် မုတ္တမ ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် M-9 ရှိ ရှာဖွေရေးတွင်းအမှတ် ကာကောဏ္ဏ(၁)၏ တွင်းတူးဖော်စမ်းသပ်မှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် မုတ္တမကမ်းလွန်ဒေသရှိ ရေနံတွင်းတူးစက် Doo Sung ပေါ်သို့ ရောက်ရှိရာ PTTEP ကုမ္ပဏီမှ Operation Manager , Mr. Pasook က ကာကောဏ္ဏ(၁) တွင်းကို အောင်မြင်စွာ တူးဖော်စမ်းသပ်နိုင်ခဲ့မှု အခြေအနေများကိုလည်းကောင်း၊ PTTEP ကုမ္ပဏီမှ President, Mr. Marrot Mrigadat က လုပ်ကွက်အမှတ် M-9 ၏ အလားအလာများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက သဘာဝဓာတ်ငွေ့ အလားအလာကောင်းများကို တိုးတက်တွေ့ရှိအောင် ရှာဖွေသွားနိုင်ရေး၊ စီးပွားဖြစ်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

NLD ပါတီ၏ လုပ်ရပ်များအပေါ် စိတ်ပါဝင်စားမှုမရှိ ပါတီနိုင်ငံရေးကိုဆက်လက်လုပ်ဆောင်လိုသည့် ဆန္ဒမရှိ မိုင်းဖြတ်နှင့် လယ်ဝေးမြို့နယ်တို့မှ NLD ပါတီဝင် နှစ်ဦး နုတ်ထွက်

ရန်ကုန် မတ် ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် နမ့်လောက်ကျေးရွာမှ ဦးစိုင်ဟုန် နှင့် မန္တလေးတိုင်း လယ်ဝေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူး ဦးကျော်မောင်မောင်လေးတို့သည် ဇန်နဝါရီ ၃၁ ရက်တွင် မိမိတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများ ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ●